mgyoe.com


# ဗိုလ်ချုပ်အောင်ဆန်း

## (ဗမာ့လွတ်လပ်ရေးဗိသုကာ)



ဗိုလ်ထွန်းလှ
(တက္ကသိုလ်နေဝင်း)
ပြုစုရေးသားခဲ့ပြီး

၁၀၅ နှစ်ပြည့် ဗိုလ်ချုပ်မွေးနေ့နှင့်
ရန်ကုန်တက္ကသိုလ် ရာပြည့်နှစ်တို့
အမှတ်တရအဖြစ်
ပြန်လည်စီစဉ်ထုတ်ဝေသည်။



ရန်ကုန်တက္ကသိုလ် ပဲခူးဆောင်
သဟာယနှင့်တဖတ်အသင်းဥက္ကဋ္ဌအဖြစ်
ဆောင်ရွက်စဉ်။
(မျက်နှာဖုံးနှင့်အတွင်းဖြည့်ဓာတ်ပုံများကို
ကိုသန်းထွန်းအောင်မှ စုဆောင်းကျေးဇူးပြုပါသည်။)

ISBN 9789997130457
9 789997 130457
2,700.00 KS

mgyoe.com

ဗိုလ်ချုပ်အောင်ဆန်း(ဗမာ့လွတ်လပ်ရေးဗိသုကာ)၊ ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း)
စာမျက်နှာ ၁၇၀ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဖေဖော်ဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀
၁၉၅၅ သမာမိတ္တ စာအုပ်ဖြန့်ချိရေးဌာန၏ ပထမအကြိမ်မှ

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


– စာရေးသူ၏ အမှာစာ ... က

၁။ မျိုးရိုးဇာတိ ... ၁
၂။ ပညာသင်ကြားချိန် ... ၅
၃။ အတွေးအခေါ်အမြင် ... ၁၁
၄။ နိုင်ငံရေးဗီဇ ... ၁၅
၅။ ခေါင်းဆောင်မှု၏အစ ... ၁၈
၆။ ဗိုလ်ချုပ်ကို မွေးထုတ်သော တက္ကသိုလ်သပိတ်ကြီး ... ၂၃
၇။ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကြီး ... ၂၇
၈။ စစ်ကြိုခေတ် ... ၃၃
၉။ အကောင်အထည်ဖြစ်လာသော အိပ်မက် ... ၃၈
၁၀။ စစ်သူကြီး ဗိုလ်ချုပ်အောင်ဆန်း ... ၄၄
၁၁။ ဖက်ဆစ်ဝါဒနှင့် ဗိုလ်ချုပ် ... ၄၈
၁၂။ တော်လှန်ရေးသမား ဗိုလ်ချုပ်အောင်ဆန်း ... ၅၄
၁၃။ ဖဆပလခေါင်းဆောင် ဗိုလ်ချုပ် ... ၅၈
၁၄။ ညီညွတ်ရေး ဗိသုကာ ... ၆၃
၁၅။ လွတ်လပ်ရေးအကြိုခေတ် ... ၆၇


mgyoe.com

mgyoe.com

၁၆။ ဗိုလ်ချုပ်၏ အိမ်ထောင်ရေးဘဝ ၇၈
၁၇။ လူကို လေ့လာခြင်း ၈၅
၁၈။ အာရှခေါင်းဆောင် ၉၆
၁၉။ မမေ့နိုင်သော ဇူလိုင်လ ၁၉ ရက် ၉၉
၂၀။ နိဂုံး ၁၀၉

– နောက်ဆက်တွဲ
ပြန်လည်ထူထောင်ရေး ၁၁၅

❐

mgyoe.com

mgyoe.com

## စာရေးသူ၏ အမှာစာ

ပစ္စုပ္ပန်ခေတ် ဗမာပြည် နိုင်ငံရေးသမိုင်း တစ်လျှောက်တွင် ဗိုလ်ချုပ်အောင်ဆန်းထက် ပိုပြီး ထင်ရှားအရေးပါသော ပုဂ္ဂိုလ်မရှိဟုဆိုလျှင် လုံးဝယုံမှားဖွယ်မရှိသော အချက်တစ်ချက်ဟု ဝန်ခံကြရပေမည်။ အကြောင်းမူကား ကိုယ့်မင်းကိုယ့်ချင်း ဘဝမှ ဗြိတိသျှ လက်အောက်ခံ ကိုလိုနီနိုင်ငံဖြစ်ခဲ့သော ဗမာပြည် ရာဇဝင်မှ ၁၂၄၇ ခုနှစ်၏ သည်ဘက်ပိုင်းတွင် ဗမာတိုင်းရင်းသား လူထုအတွက် အလွန်အလှမ်းဝေးသော ပန်းတိုင်တစ်ခု ဖြစ်သည့် လွတ်လပ်ရေး ဆုထူးကို တိုတောင်းလှသော အချိန်ကာလအတွင်း အောင်မြင်စွာ လှမ်းဆွတ်နိုင်ရေးတွင် ဗိုလ်ချုပ်အောင်ဆန်းမည်သော ပုဂ္ဂိုလ်က လူထု၏ရှေ့မှ မားမားမတ်မတ်နေ၍ ရှုပ်ရှုပ်ချွံချွံ အသက်ပေး တိုက်ခိုက်ခဲ့သောကြောင့်ပင်တည်း။

ဗိုလ်ချုပ်အောင်ဆန်းကား ဗမာ့လွတ်လပ်ရေး ဗိမာန်ကြီးကို မွမ်းမံတည်ဆောက်ရာ၌ ဦးစီးခေါင်းဆောင်သည့် ဗိသုကာဆရာကြီး ဖြစ်ခဲ့သည်။

ယခုဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်း လူမသမာတို့ လက်ချက်ဖြင့် ရေတိမ်နစ် ကျဆုံးခဲ့ရသည်မှာ ၈ နှစ်ကျော် သွားပေပြီ။ သူ သေသော်လည်း သူ၏နာမည်၊ သူ၏ ကြိုးပမ်းမှု၊ သူ၏ လုပ်ငန်းစဉ်တို့ကား မသေဘဲ ထင်ရှားပေါ်လွင်စွာ ကျန်ရစ်နေ၏။

ဗိုလ်ချုပ်အောင်ဆန်း ဟူသော အမည်နာမသည်ကား ရာဇဝင် သမိုင်း

mgyoe.com

mgyoe.com



တွင် မော်ကွန်းတင်ရအံ့သော အချက်အလက်တစ်ခု ဖြစ်လင့်ကစား ယနေ့တိုင်အောင် ဗိုလ်ချုပ်၏ ကိုယ်ရေးရာဇဝင် အချက်အလက်တွေ ပြည့်ပြည့်စုံစုံ ပါဝင်သည့် အတ္ထုပ္ပတ္တိစာအုပ် ဟူ၍ ပြောပလောက်အောင် ထွက်ပေါ်မလာသေးပေ။ ဗမာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်းကား အမေရိကန် မျိုးချစ်ခေါင်းဆောင်ကြီး အေဘရာဟင်လင်ကွန်းကဲ့သို့ပင် နောင်လာ နောက်သားတို့ အမြဲတစေ ကြည်ညိုလေးစားပြီး သူ၏ အကြောင်းအရာ အတ္ထုပ္ပတ္တိများကို လေ့လာမှတ်သားရမည့် ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်ရာ ရှေ့လာမည့် ခေတ်များမှ စာပြုဆရာ သုတေသန ရှာဖွေသည့် ပုဂ္ဂိုလ်များအဖို့ ဗိုလ်ချုပ်နှင့် ပတ်သက်၍ ရနိုင်သမျှ အချက်အလက် အကြောင်းအရာများကို စုဆောင်းပြီး အဆင်သင့် မှတ်တမ်းတင်ထားပေးရန်မှာ မျက်မှောက်ခေတ် ကျွန်ုပ်တို့တစ်တွေ၏ တာဝန်တစ်ခုပင် ဖြစ်နေတော့သည်။

ကျွန်ုပ်မှာ ဗမာ့တပ်မတော် ရဲဘော်ဟောင်းတစ်ဦးအနေနှင့် လည်းကောင်း၊ သူ၏ အပါးတော်မြဲ အတွင်းဝန် တစ်ဦးအနေဖြင့် လည်းကောင်း ဗိုလ်ချုပ်အောင်ဆန်းအား သူများထက် ပို၍ နီးကပ်စွာ လေ့လာအကဲခတ်ခွင့်ရခဲ့ပေရာ စာပေရေးသားခြင်းကိုလည်း ဝါသနာပါသူတစ်ဦး ဖြစ်သည့်အလျောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ ကိုယ်တွေ့လေ့လာချက်နှင့် စုဆောင်းရှာဖွေရသမျှ အချက်အလက်များကို စုပေါင်းကာ ဤဗိုလ်ချုပ် အတ္ထုပ္ပတ္တိကို ကြိုးစားရေးသားလိုက်ရခြင်း ဖြစ်ပေသည်။

ဗိုလ်ချုပ်လို ပုဂ္ဂိုလ်ကြီးတစ်ဦး၏ အတ္ထုပ္ပတ္တိကို လူတစ်ဦးတစ်ယောက်တည်းက ရေးသားရုံနှင့် ပြည့်စုံနိုင်မည် မဟုတ်သဖြင့် ကျွန်ုပ် ယခု ပြုစုတင်ဆက်သော စာအုပ်မှာလည်း ပြည့်စုံလုံလောက်ပြီဟု မဆိုနိုင်ပေ။ သို့သော် နောင်လာလတ္တံ့သော ခေတ်အဆက်ဆက်မှ လူများအတွက် ရာဇဝင်သမိုင်း ပြုစုသူ ပညာရှိတွေ၊ သုတေသနပြုဆရာတွေအဖို့ ဤစာအုပ်ငယ်သည် တစ်စိတ်တစ်ဒေသအားဖြင့် အထောက်အပံ့ ဖြစ်စေသည်ဆိုလျှင်ပင် ကျွန်ုပ်အဖို့ ယခုစာအုပ် ပြုစုရေးသားရကျိုးနပ်ပြီ ဖြစ်ပါသတည်း။

ရန်ကုန်မြို့
၁၉၅၅ ခု၊ ဇူလိုင်လ။

ဗိုလ်ထွန်းလှ
(တက္ကသိုလ်နေဝင်း)

mgyoe.com

mgyoe.com

# အခန်း (၁)
# မျိုးရိုးဇာတိ

သက္ကရာဇ် ၁၂၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက် ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် စနေနေ့ နံနက်လင်းအားကြီးအချိန်တွင် ဗမာပြည်အလယ်ပိုင်း မကွေးခရိုင်၊ နတ်မောက်မြို့ကလေး၌ ပစ္စုပ္ပန်ခေတ် ဗမာနိုင်ငံသမိုင်း၏ ထူးခြားသော မှတ်တိုင်တစ်ခုဟု ခေါ်ဆိုလောက်သည့် အကြောင်းခြင်းရာတစ်ခုသည် ဖြစ်ပျက်ခဲ့လေသည်။

အကြောင်းမူကား နောင်နှစ်ပေါင်း ၃၀ ကြာသော် ဗမာတစ်မျိုးသားလုံး၏ အဖိုးထိုက်တန်ဆုံး ရတနာ လွတ်လပ်ရေးဆုမွန်ကို ရှုပ်ချွံစွာ ရှေ့ဆောင် ဆွတ်ခူးပေးနိုင်လတ္တံ့သော အာဇာနည် သူရဲကောင်းတစ်ဦးကို နတ်မောက်မြို့* အမိန့်တော်ရရှေ့နေ ဦးဖာ၊ ဒေါ်စုတို့၌ မီးရှူးသန့်စင် ဖွားမြင်ခဲ့သောကြောင့်ပင်တည်း။

ထိုစဉ်အခါကမူ ဦးဖာ၊ ဒေါ်စုတို့၏ သားထွေး ဇာတာအမည် မောင်ထိန်လင်းဟု ကင်ပွန်းတပ်ခဲ့သော သတို့သားငယ်သည် တစ်နေ့သောအခါတွင် ဗမာနိုင်ငံတွင်းသာမက ကမ္ဘာကျော်အောင် ထင်ရှားသည့် အာဇာနည် မျိုးချစ်ခေါင်းဆောင်ကြီး တစ်ဦး ဖြစ်လာလိမ့်မည်ဟု မည်သူကမှ မထင်ခဲ့ကြပေ။

ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ရေးခဲ့သော

---

* ယခု ရန်ကုန်မြို့ ကန်တော်ကြီးအနီး 'ပတ်လမ်း' ကို 'နတ်မောက်လမ်း' ဟု နာမည်ပြောင်း မှည့်ခေါ်လိုက်ခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်း ဖွားရာဇာတိ နတ်မောက်မြို့ကို အစွဲပြု၍ ခေါ်လိုက်ခြင်း ဖြစ်ပေသည်။

mgyoe.com

mgyoe.com


မှတ်တမ်းတစ်ခုထဲတွင် "နာမည်ကျော် နက္ခတ်ဗေဒင်ဆရာကြီး ကီရို၏ ဟောပြောချက်အရဆိုလျှင် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် တိုင်းပြည်တစ်ပြည်၏ အစိုးရ ထီးနန်းတို့ကို ဖြိုဖျက်နိုင်စွမ်းသူများ မွေးဖွားတတ်သည်ဟု ဟောထားလေသည်" ဟူ၍ သူ၏ မွေးဖွားသည့်နေ့ရက်နှင့် စပ်လျဉ်း၍ ရေးမှတ်ထားခဲ့ပုံမှာလည်း စိတ်ဝင်စားဖွယ်ကောင်းပေသည်။

မည်သို့ပင်ဖြစ်စေ ၁၉၁၅ ခု ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ဗမာ့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာလတ္တံ့သော မောင်ထိန်လင်းကလေးကို မြေလတ်ဒေသ နတ်မောက်မြို့ကလေးတွင် ခါနွေဆန်း လန်းစီသည့် မိန်ရာသီ နွေဦးမင်းလွင် မြူး၍ လေရူးသုန်သုန် တိုက်ခတ်ချိန်ဝယ် ဖွားမြင်ခဲ့လေပြီ။

မျိုးရိုးစဉ်ဆက်အားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် မြေရှင်အထက်တန်းစား ဆွေကြီးမျိုးကြီးမှ ပေါက်ဖွားသူဖြစ်လျက် သူ၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့မှာ မြန်မာဘုရင်များလက်ထက်က ထင်ရှားပြီး ဇာတိသွေး ဇာတိမာန် ထက်မြက်တက်ကြွသူများ ဖြစ်ခဲ့ကြောင်း သိရပေသည်။

ဗမာနိုင်ငံသမိုင်း၏ ခေတ်ဦးဖြစ်သော ပုဂံပြည်တွင် ဗမာဘုရင်များ ထီးနန်းစိုက်ထူစဉ် နရသီဟပတေ့ခေါ် တရုတ်ပြေးမင်းလက်ထက် တရုတ်စစ်သည်များ အလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်လာလေရာ ပုဂံပြည်ကြီး ထီးကျိုးစည်ပေါက် ဖရိုဖရဲအဖြစ်တွင် အချို့သော ပုဂံပြည်သားတို့သည် လူမျိုးခြား လက်အောက် မနေလို၍ လွတ်ရာကျွတ်ရာ တိမ်းရှောင်ထွက်ပြေးခဲ့ကြလေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ရှေးအဆက်အနွယ်တို့သည် ၎င်းပုဂံပြည်မှ ထွက်ခွာပြီး နတ်မောက်မြို့ဒေသတွင် လာရောက် အခြေစိုက်ခဲ့ကြသူများဖြစ်သည်ဟု မှတ်သားရဖူးကြောင်း သူကိုယ်တိုင် ပြောခဲ့လေသည်။

တစ်ဖန် ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီး လက်ထက်တော်အခါက သက်တော်ရှည်အမတ်ကြီးတစ်ဦးဖြစ်သူ ခန်းပတ်မင်းကြီးမှာလည်း ဗိုလ်ချုပ်တို့၏ အမျိုးအနွယ်ပင် ဖြစ်သည်ဟု ဆိုလေသည်။

ပုရပိုက် မှတ်တမ်းဟောင်းတစ်ခုတွင်မူ ဗိုလ်ချုပ်အောင်ဆန်း၏ ဘေးဖြစ်သူမှာ နတ်မောက်မြို့သူကြီးဖြစ်၍ နှလုံးရည် လက်ရုံးရည်နှင့် ပြည့်စုံပြီး အလွန် စိတ်ဓာတ်ထက်မြက်သူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ကြောင်း မှတ်သားထားပေသည်။

ဗိုလ်ချုပ်၏ မျိုးရိုးအဆက်အနွယ်ထဲက ရာဇဝင် အပြောင်မြောက်ဆုံး ပုဂ္ဂိုလ်

mgyoe.com

mgyoe.com


မှာ ရွှေလရောင်ဘွဲ့ခံ ဗိုလ်လရောင် သို့မဟုတ် ဦးမင်းရောင်ပင် ဖြစ်သည်။ ဦးမင်းရောင်ကား ၁၂၄၇ ခုနှစ် ဗြိတိသျှနယ်ချဲ့အစိုးရက ဗမာဘုရင် သီပေါမင်းကို အဓမ္မနန်းချ၍ ဗမာနိုင်ငံကိုလည်း သူတို့လက်အောက်ခံ ကျွန်ဘဝသို့ သိမ်းယူလိုက်စဉ် လူမျိုးခြား ရန်သူထံ အညံ့မခံဘဲ ဗြိတိသျှတို့အား လက်နက်စွဲကိုင် စစ်ပြိုင်တိုက်ခဲ့သော မျိုးချစ်တော်လှန်ရေးခေါင်းဆောင် အာဇာနည် ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပေသည်။ နောက်ဆုံး၌ အကြောင်းအမျိုးမျိုးကြောင့် ဗိုလ်လရောင် (ဦးမင်းရောင်) မှာ အရေးနိမ့်၍ ရန်သူလက်တွင်းသို့ သက်ဆင်းကျရောက်သည့်တိုင်အောင် ဩဇာအာဏာရှိသော ပုဂ္ဂိုလ်တစ်ဦးအဖြစ် အင်္ဂလိပ်တို့က မြို့ဝန်ရာထူး ခန့်အပ် အမှုထမ်းစေသော်လည်း လူမျိုးခြားသစ္စာကို မခံလိုဟု တင်းမာစွာ ငြင်းပယ်လိုက်သဖြင့် ဦးခေါင်းဖြတ် အသတ်ခံခဲ့ရလေသည်။

ယင်းသို့ တိုင်းပြည်၏ လွတ်လပ်ရေးအတွက် ရှုပ်ချွပြောင်မြောက်စွာ တော်လှန်တိုက်ခိုက်ရင်း အသက်စွန့်သွားခဲ့သူ သူရဲကောင်းကြီး ဦးမင်းရောင်ကား ကျွန်ုပ်တို့ ဗိုလ်ချုပ်အောင်ဆန်း၏ဘွားအေ (အမေစုမိခင်) ဒေါ်သူဇာ၏ မောင်အရင်းပင် ဖြစ်သတည်း။

ယင်းသို့ ၁၂၄၇ ခုနှစ်က ဗြိတိသျှနယ်ချဲ့သမားအား စစ်ပြိုင်တိုက်ခိုက်ခဲ့သူ ဘိုးအေ ဦးမင်းရောင်၏ သွေးပါ၍ ဗိုလ်ချုပ်အောင်ဆန်းမှာလည်း နယ်ချဲ့စနစ်အောက်မှ ဗမာပြည် တွန်းကန်ရုန်းထွက်သည့် နောက်ဆုံးအဆင့်တွင် ရှေ့ဆောင်ဦးစီးသည့် လူထုခေါင်းဆောင်ကြီးတစ်ဦး ဖြစ်လာရခြင်း ဖြစ်သည် ဟူ၍လည်း အချို့က မှတ်ချက်ချကြပေ၏။

ဗမာလူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ မွေးဖွားသော ခု၊ လ ရက်တို့ကို ဇာတာဖွဲ့မှတ်သားရာ၌မူ ဗိုလ်ချုပ်၏ ငယ်နာမည်ကို စနေသားအဖြစ် 'မောင်ထိန်လင်း' ဟု မှည့်ခေါ်ခဲ့၏။ သို့ရာတွင် ဗိုလ်ချုပ်ထက်အကြီး အစ်ကိုတစ်ယောက်၏ နာမည်မှာ 'အောင်သန်း' (တိုင်းပြည်ပြုလွှတ်တော် အမတ်ဟောင်း၊ ယခု ရန်ကုန်မြူနီစီပါယ် လူကြီး ဦးအောင်သန်း) ဖြစ်၍ အစ်ကိုနာမည်နှင့် လိုက်အောင် 'အောင်ဆန်း' ဟု ဦးအောင်သန်း ငယ်စဉ်က အကြံပေးခဲ့သည့်အတိုင်း မိဘများက မှည့်ခေါ်ခဲ့ရာမှ မူလအမည် 'ထိန်လင်း' ပျောက်ကာ 'အောင်ဆန်း' ဟူသော နာမည်သာ ကြီးသည်အထိတွင် နေခဲ့လေတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းကား ထင်ရှားပြောင်မြောက်သော မျိုးရိုးဇာတိမှ ဆင်းသက်

mgyoe.com

mgyoe.com


လာခဲ့သည်သာမက သူ၏မိဘ ဆွေမျိုးများမှာ ဉာဏ်ပညာထက်မြက် ထူးချွန်ခဲ့ကြသည်။ ဗိုလ်ချုပ်၏ဖခင် ဦးဖာဆိုလျှင် ရှေ့နေစာမေးပွဲဝင်စဉ်အခါက ဗမာ တစ်နိုင်ငံလုံးတွင် တတိယစွဲ၍ အောင်မြင်ခဲ့၏။ သူ၏အစ်ကိုကြီး (သူနှင့်အတူ ကျဆုံးသော ကူးသန်းရောင်းဝယ်ရေးဝန်ကြီး) ဦးဘဝင်းမှာ ဘီ၊ အက်၊ စီ၊ သိပ္ပံတွဲကို သင်္ချာဂုဏ်ထူးနှင့် အောင်မြင်ခဲ့သည့်ပြင် သူတို့၏ ခေတ်က သင်္ချာဘာသာတွင် အလွန်တော်သော သူတစ်ယောက် ဟူ၍ ဆရာများ၊ ကထိကများကပင် ဖွင့်ဟချီးကျူးခြင်း ခံခဲ့ရသည်။ ဗိုလ်ချုပ်ထက်အကြီး ဦးအောင်သန်းမှာလည်း ဘီ၊ အေ စာမေးပွဲ အလွယ်နှင့် အောင်ပြီး မြို့ပိုင်ရာထူးရလျက် အင်္ဂလိပ်စာပေဘက်၌ ထူးချွန်သူတစ်ဦး ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်မှာလည်း အစိုးရစစ် အင်္ဂလိပ်မြန်မာ ၇ တန်း စာမေးပွဲ၌ အထက်တန်း စကောလားရှစ် ပညာဆုကိုရလျက် အောင်မြင်ခဲ့သည်။ ဗမာတစ်နိုင်ငံလုံးရှိ ဗုဒ္ဓဘာသာနှင့် အမျိုးသားကျောင်းများတွင်လည်း ပထမစွဲခဲ့၍ ဦးရွှေခိုဆုကိုပါ ရခဲ့လေသည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသို့ ရောက်လာသောအခါ၌လည်း ဘီ၊ အေ၊ အထက်တန်း စာမေးပွဲကို သူများလို စာသိပ်မကျက်ဘဲ တစ်ခါဖြေ တစ်ခါတည်း အောင်မြင်ခဲ့၏။ နိုင်ငံရေးလုပ်ငန်းတွေ ရှုပ်ပွေစပြုနေပြီဖြစ်သော သူ၏နောက်ပိုင်း ပညာဆက်သင်ရေး ကာလ၌ပင် ဘီ၊ အယ်လ် ပထမနှစ် စာမေးပွဲကို ဖြေဆိုရာတွင် စာမေးပွဲ ကျရှုံးလင့်ကစား တရားဥပဒေ သမိုင်းခေါ် ဘာသာရပ်တွင် အမှတ်အများဆုံးနှင့် ပထမ စွဲခဲ့သေးသည်။

ဗမာနိုင်ငံ လူ့အဖွဲ့အစည်း၏ လူလတ်တန်းစား အထက်တန်းပိုင်း (Upper Middle Class) မှ ပေါက်ဖွားဆင်းသက်လာသည်ဟု ဆိုရမည်ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းကား မျိုးရိုးဇာတိဂုဏ်၊ ပညာပါရမီ၊ ထူးခြားသော ဂုဏ်တို့ကြောင့် လုံးဝမာနမတက် သွေးမကြွသည်သာမက သူ၏သက်တမ်း နောက်ဆုံးပိုင်းများရှိ နိုင်ငံရေး အတွေ့အကြုံများ ရင်ဆိုင်ရသော ကာလတွင် သူ ဆင်းသက်ခဲ့သည့် 'လူတန်းစား ဉာဉ်' ကိုပါ မထောက်မညှာ ဝေဖန်ဝံ့သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့ပေသည်။

❒

mgyoe.com

mgyoe.com

# အခန်း (၂)
# ပညာသင်ကြားချိန်

ဗိုလ်ချုပ်၏ မိဘများမှာ ကိုယ်တိုင်ကလည်း ဉာဏ်ကောင်းပြီး သားသမီးများ၏ ပညာသင်ကြားတတ်မြောက်ရေးကို အထူးလိုလားသူများ ဖြစ်ကြသည်။ ထို့ကြောင့် ကိုဘဝင်း၊ ကိုအောင်သန်း စသော သားကြီးများကို ၅ နှစ်သားအရွယ်ကစ၍ ကျောင်းထားခဲ့လေသည်။ သို့သော် သားအငယ်ဆုံး အောင်ဆန်းကိုမူ အချစ်ပို၍ အလိုလိုက်နေကာ ကလေးက ကျောင်းမသွားချင်ဘူးဆိုရင်း နေလိုက်ရင်းနှင့် အောင်ဆန်းမှာ ၇ နှစ်သားအရွယ်အထိ ကျောင်းမနေဖြစ်သေးခဲ့ချေ။

တစ်နေ့တွင် ကျောင်းမနေချင်သော အောင်ဆန်းကလေး ကျောင်းနေဖြစ်အောင် ဖန်တီးလိုက်သော အကြောင်းအရာတစ်ခုသည် ပေါ်ပေါက်လာ၏။ ဗိုလ်ချုပ်ထက် အကြီး အစ်ကို ကိုအောင်သန်း ၁၁ နှစ်သားအရွယ်တွင် ဗုဒ္ဓဘာသာဝင်တို့ ထုံးစံအရ ရှင်ပြုလေရာ ရှင်လောင်းအဖြစ် ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ပြီး လူတိုင်းက အရေးပေးကြသည်ကို ညီငယ် အောင်ဆန်းကလည်း အားကျလာမိတော့သည်။ သူကိုယ်တိုင် ရှင်လောင်းဖြစ်ချင်သည့် စိတ်များ ပေါ်ပေါက်လာသည်။ ထို့ကြောင့် မိခင် ဒေါ်စုအား ပူဆာတော့၏။

"အစ်မ* ကျွန်တော်လည်း ရှင်လောင်းလုပ်ချင်တယ်"

"မင်း ရှင်လောင်းလုပ်ချင်လို့ ဘယ်ဖြစ်မလဲကွဲ့။ ရှင်လောင်းဆိုတာ စာတတ်

* ဗိုလ်ချုပ်တို့ညီအစ်ကိုက မိခင်အား 'အစ်မ' ဟု ခေါ်လေ့ရှိကြသည်။

mgyoe.com

mgyoe.com


ရတယ်။ မင်းက ကျောင်းတောင် မနေရသေးဘူး”

“ဟုတ်လား အစ်မ၊ ဒါဖြင့် ကျွန်တော်လည်း ရှင်လောင်း လုပ်နိုင်အောင် စာသင်တော့မယ်၊ ကျောင်းနေတော့မယ်”

ထိုသို့ အစ်ကို ကိုအောင်သန်း ရှင်ပြုပွဲနှင့်စပ်လျဉ်း၍ စကားအချေအတင် ပြောပြီးနောက် ရက်အနည်းငယ်အတွင်း အမေစု၏သားထွေး မောင်အောင်ဆန်းသည် နတ်မောက်မြို့ ဆရာတော် ဦးသောဘိတ အထက်တန်းကျောင်း၌ ကျောင်းသားသစ် ကလေးတစ်ယောက် ဖြစ်လာလေတော့သည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း ကလေးဘဝက ကျောင်းစနေဖြစ်ခြင်းမှာ အခြား ရည်ရွယ်ချက် ထူးထူးထွေထွေကြောင့်မဟုတ်ဘဲ ရှင်ပြုချင် ရှင်လောင်း လုပ်ချင်သောကြောင့်ဟု ဆိုနိုင်ပေသည်။

သို့ရာတွင် ကျောင်းနေဖြစ်သွားပြီးသောအခါ၌မူ မောင်အောင်ဆန်းကလေး သည် ပညာဘက်၌ ဝါသနာပါပြီး စာကို အထူးကြိုးစားလာတော့၏။ ဉာဏ်ကလည်း မိဘမျိုးရိုးလိုက်၍ပဲလား မသိ၊ အလွန်ကောင်းလေသည်။ ငယ်စဉ်က အစားအသောက် ကို စုံမက်လှသူ ဖြစ်သော်လည်း ကျောင်းမှ မုန့်စားလွှတ်ချိန်၌ အိမ်သို့ ခဏပြန်ပြေး၊ စားစရာ ခပ်သုတ်သုတ် စားပြီး ကျောင်းသို့ ချက်ချင်းပြန်လာကာ အခြားကလေးများ ကစားနေချိန်တွင် အောင်ဆန်းကလေးသည် ဖတ်စာအုပ်များ ဖတ်ခြင်း၊ လက်ရေးလှ လေ့ကျင့်ခြင်းများကိုသာ ပြုလုပ်လေ့ရှိသည်။ အခြားကျောင်းသားများထက် မှတ်ဉာဏ် ထိုးထွင်းဉာဏ် ပိုပြီးကောင်းသောကြောင့် ၁၂ နှစ်သားအရွယ်တွင် မြန်မာစာ ၄ တန်းကို အောင်မြင်ခဲ့၏။ (သူ ကျောင်းစနေသောအခါ ၈ နှစ်သားအရွယ်ရှိနေပြီ။) အစ်ကို ဦးဘဝင်း၊ ကိုအောင်သန်းတို့ အင်္ဂလိပ်စာသင်သည်ကိုလည်း အားကျသဖြင့် ၄ တန်း စကောလားရှစ် စာမေးပွဲကို ဝင်ရောက်ဖြေဆိုရန်ပင် ကြိုးစားပြီးမှ ပညာအုပ်က အသက်ငယ်သေးတယ်ဟု အကြောင်းပြ၍ ခွင့်မပြုသဖြင့် အောင်ဆန်းကလေးမှာ စိတ်လည်းပျက် ဒေါသလည်း ထွက်ခဲ့ရဖူးသည်။

စကောလားရှစ်စာမေးပွဲ မဝင်ရသော်လည်း အင်္ဂလိပ်ကျောင်းနေလိုသော သူ၏ ဆန္ဒမှာ ပျောက်ပျက်၍မသွား ပို၍ပင် ပြင်းထန်လာခဲ့သည်။

ဗိုလ်ချုပ်၏ အစ်ကိုကြီး ဦးဘဝင်းမှာ ရေနံချောင်းမှ နတ်မောက်သို့ ပြန်လာခဲ့ သည်တွင် ညီထွေး မောင်အောင်ဆန်းက သူ့အစ်ကိုကြီးနှင့်အတူ ရေနံချောင်းသို့ လိုက်ပြီး အမျိုးသားကျောင်း၌ အင်္ဂလိပ်စာ ဆက်လက်သင်ကြားခွင့်ပြုရန် မိဘများအား

mgyoe.com

mgyoe.com


ဓွတ်အတင်း ပူဆာတော့၏။

မိဘများက "မင်း နည်းနည်းကြီးလာမှ ပို့ပေးမယ်" ဟု ဖျောင်းဖျပြောသည်ကို မကျေနပ်နိုင်၍ သုံးရက်တိုင်တိုင် ထမင်းမစားဘဲ ဆန္ဒပြတော့လေရာ နောက်ဆုံး ဦးဖာ၊ ဒေါ်စုတို့မှာ သားအငယ်ဆုံး မောင်အောင်ဆန်း၏ဖွဲ့ကို အရှုံးပေးပြီး ရေနံချောင်း မြို့ သားကြီး ဦးဘဝင်းထံသို့ ပို့ပေးလိုက်ကြရတော့သည်။

ရေနံချောင်းတွင် အစ်ကိုကြီး ဆရာ ဦးဘဝင်း အိမ်မှာနေ၍ အမျိုးသားကျောင်း သို့ တက်ရသည်။ ဉာဏ်ကလည်း ကောင်း၊ စာကိုလည်း ကြိုးစားသဖြင့် နတ်မောက် ဦးသောဘိတကျောင်းမှ တောသားကလေး မောင်အောင်ဆန်းသည် သတ္တမတန်း စာမေးပွဲ (ထိုစဉ်က အစိုးရစစ်စာမေးပွဲ) တွင် ဗမာတစ်ပြည်လုံးရှိ ဗုဒ္ဓဘာသာကျောင်း နှင့် အမျိုးသားကျောင်းများတွင် ပထမစွဲသဖြင့် 'ဦးရွှေခို' ဆုတံဆိပ် ချီးမြှင့်ခြင်း ခံခဲ့ရ လေသည်။

၇ တန်းအောင်၍ ၈ တန်း၌ ပညာဆက်လက်သင်ကြားလျက်ရှိစဉ် ဗိုလ်ချုပ် တို့ဖခင် ဦးဖာသည် နတ်မောက်မြို့တွင် ရုတ်တရက် ကွယ်လွန်အနိစ္စ ရောက်သွား လေသည်။ ထို့ကြောင့် လူလားမြောက်သည့်အချိန်မှစ၍ ဗိုလ်ချုပ်မှာ မိခင်နှင့် အစ်ကို ကြီးများ၏ အုပ်ထိန်းစောင့်ရှောက်ခြင်းဖြင့်သာ ကြီးပြင်းခဲ့ရလေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ သဘာဝ ပင်ကိုစရိုက် (Character) ကို လေ့လာ လိုလျှင် ကျောင်းသားအရွယ် ခပ်ငယ်ငယ်က ပေါ်လွင်ခဲ့သော သူ၏ စရိုက်ဝါသနာ ကလေးများကိုပါ မှတ်သားလေ့လာရမည် ဖြစ်ပေသည်။

ဥပမာ ငယ်စဉ်ကလေးရွယ်ဘဝက အစားအသောက်၌ အတော်ကလေး ခုံမင် မက်မောခဲ့၏။ ကျောင်းမုန့်စားလွှတ်ချိန်၌ အိမ်သို့ ပြန်ပြေးပြီး မိခင်ကြီး၏ ဗီရိုထဲမှ သူ ကြိုက်တာယူ စားသောက်ပြီးမှ ကျောင်းသို့ပြန်လေ့ ရှိသည်။

ထို့ပြင် အောင်ဆန်းကလေးသည် ကျောင်းနေသည် ဆိုကတည်းက စာဖတ် ဝါသနာပါသဖြင့် အားလပ်ချိန်ရတိုင်း စာအုပ်နှင့် မျက်နှာမခွာဘဲ အပ်ထားတတ်သည်။ ၎င်းစာဖတ်ခြင်း ဝါသနာသည် သူ ကြီးပြင်း၍ နိုင်ငံရေးခေါင်းဆောင်ကြီး ဖြစ်လာ သည်အထိ ပါလာခဲ့သည်။ စာအုပ်တစ်အုပ်ကို ဖတ်မိပြီဆိုလျှင် ထမင်းမစား ဟင်း မစားဘဲ ထိုင်ရာမထ ဖတ်လေ့ရှိသည်။ ကျွန်ုပ်အနေနှင့် ပြောရမည်ဆိုလျှင် ဗမာ အမျိုးသားထဲမှ ဗိုလ်ချုပ်အောင်ဆန်းသည် စာဖတ်ဝါသနာအပါဆုံးနှင့် စာအုပ် အများဆုံးဖတ်ခဲ့သူတစ်ဦးဟု ဆိုချင်သည်။

စိတ်သဘောအားဖြင့်ကား သူသည် ငယ်စဉ်ကစ၍ စိတ်တိုပြီး ဒေါသကြီးတတ်

mgyoe.com

mgyoe.com


သည်။ ကျောင်းသားဘဝက သူနှင့် ရွယ်တူတန်းတူ သူငယ်များက အောင်ဆန်းကို ကြောက်ရွံ့ကြသည်။ သို့သော် သူများကိုတော့ မတရား ဘယ်အခါမှ မလုပ်။ ကစားသည့်အခါလည်း အခြားကလေးများနှင့် ရောနှော၍ ကစားလေ့မရှိချေ။ သူ့ဘာသာသူ တစ်ယောက်တည်း ခပ်အေးအေး ခပ်တည်တည်နေလေ့ရှိပြီး တစ်စုံတစ်ခုကို စဉ်းစားတွေးတောနေခြင်းဖြင့် အချိန်ခပ်များများ ကုန်လွန်စေတတ်သည်။ မျက်နှာထားတည်လွန်းလှသောကြောင့် သူ့ထက်ကြီးသော ကျောင်းသားများပင် ဗိုလ်ချုပ်အားစကားမပြောရဲခဲ့ကြပေ။

ယင်းသို့ စိတ်တိုသလောက် သဘောထား ဖြောင့်မတ်ခြင်း၊ မျက်နှာထား တည်ကြည်ခြင်းတို့ကား ဒုတိယကမ္ဘာစစ်ကြီးကာလ ဗမာလက်နက်ကိုင် စစ်တပ်ကြီး၏ ဦးစီးသေနာပတိအဖြစ် ကွပ်ကဲအုပ်ချုပ်ရသောအခါ၌ ဗိုလ်ချုပ်အောင်ဆန်း၏ သဘာဝစရိုက်နှင့် အင်္ဂါရုပ် (Character and Personality) တို့က သူ ထမ်းဆောင်သော ရာထူးနှင့် ဟပ်မိလှသော အကြောင်းများ ဖြစ်လာခဲ့လေသည်။ တပ်မတော်သား ရဲဘော်မှန်သမျှ ဗိုလ်ချုပ်ဆိုလျှင် ချစ်ကြောက်ရိုသေသလောက် အသက်ပေး၍ သူ ခိုင်းတာလုပ်ဝံ့သော စေတနာနှင့် ကြည်ညိုခဲ့ကြလေသည်။

* * *

၁၉၃၂ ခုနှစ်တွင် မောင်အောင်ဆန်း အင်္ဂလိပ်မြန်မာ ဆယ်တန်းစာမေးပွဲကို အောင်မြင်၍ အစ်ကိုကြီးများနည်းတူ ရန်ကုန်တက္ကသိုလ်သို့ အထက်တန်း ပညာရပ်များ ဆည်းပူးရန် ရောက်လာခဲ့လေသည်။

ထိုခေတ်က ကောလိပ်ကျောင်းသားများမှာ ရှူးဖိနပ် ပြောင်အောင်တိုက်၍ ဘန်ကောက်လုံချည်၊ ပိုးအယ်လ်ပတ်ကား တိုက်ပုံအင်္ကျီတို့ဖြင့် အလွန်စတိုင်ထုတ်ဟန်လုပ်သောခေတ်ဖြစ်၍ နတ်မောက်တောမြို့ကလေးမှ ဗိုလ်ကေစုတ်ဖွား၊ အဝတ်အစား ဖိုသီဖတ်သီ ဝတ်လေ့ရှိပြီး မျက်နှာပေါက် ခပ်တည်တည် ခပ်ဆိုးဆိုး အောင်ဆန်းဆိုသူမှာ ရုပ်ရှင်ဇာတ်လိုက်ဟန် ဖမ်းနေသော ကောလိပ်ကျောင်းသားတွေကြားဝယ် သူများနှင့်မတူ ခွကျကျ လူတစ်ယောက် ဖြစ်နေတော့သည်။

အခြားတက္ကသိုလ်ကျောင်းသားတွေလို ဖော်ရွေစွာ ပေါင်းသင်းမိတ်ဆက် (ဆိုရှယ်ဖြစ်)ခြင်း၊ အင်းလျားကျောင်းဆောင်သူ လှပျိုဖြူတို့အား လိုက်နောက်ပိုးခြင်းစသော ကောလိပ်ကျောင်းသားတို့၏ ကျင့်ရိုးကျင့်စဉ်များကိုလည်း မလိုက်စား၊ ဝါ

mgyoe.com

mgyoe.com

သနားလည်း မပါသဖြင့် ကိုအောင်ဆန်းသည် ကောလိပ်ရောက်ခါစ၌ အပေါင်းအသင်း မိတ်ဆွေနည်းခဲ့၏။

ငယ်စဉ်က ကလေးဘဝ သစ်ပင်တက်ခြင်း၊ ရေကူးခြင်းတို့ကို မိဘများ ကိုယ်တိုင် ပိတ်ပင်ပညတ်ခဲ့သဖြင့် ကစားခုန်စား ကိုယ်လက်လှုပ်ရှားခြင်းကို အလျှင်း မလိုက်စားခဲ့သဖြင့် ကောလိပ်ကျောင်း ရောက်သောအခါ၌လည်း ကျောင်းသားတိုင်းလိုလို ပြုလုပ်သော ဘောလုံးကန်ခြင်း၊ လှေလှော်ခြင်း၊ တင်းနစ်ရိုက်ခြင်း စသော ကစားနည်းများကို တတ်လည်းမတတ်၊ ကစားလည်း မကစားသဖြင့် ဤအချက်မှာလည်း ခေတ်မီ ကစားခုန်စားနည်းတွေ လေ့ကျင့်ကစားမှ တက္ကသိုလ်ကျောင်းသား ပီသသည်ဟု ယူဆသောခေတ်၌ ဗိုလ်ချုပ်ကို ခွကျကျ လူတစ်ယောက်ဖြစ်အောင် ဖန်တီးသကဲ့သို့ ရှိခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ တက္ကသိုလ်ကျောင်းမှ သင်ကြားသော ပညာရပ်များကိုတော့ ဗိုလ်ချုပ်သည် ကြိုးစားလေ့လာခဲ့သဖြင့် စာမေးပွဲများကို မှန်မှန်ကြီး အောင်ခဲ့လေသည်။ ဘီ၊ အေ (ဝိဇ္ဇာတန်း) တွင် အင်္ဂလိပ်စာပေ၊ ရာဇဝင်သမိုင်းနှင့် နိုင်ငံရေး သိပ္ပံဘာသာရပ်များကို ယူ၍ သင်ကြားခဲ့ရာ ၁၉၃၅ ခုနှစ်တွင် ဘီ၊ အေ အထက်တန်း (အခုခေတ် အခေါ် ဝိဇ္ဇာအပိုင်း 'ခ') သို့ ရောက်လာခဲ့သည်။

သို့ရာတွင် ထိုအချိန်၌ နိုင်ငံရေးရောဂါ၊ ဗမာပြည်လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လိုသော ရောဂါများက တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း၏ စိတ်ဓာတ်တွင် စွဲမြဲစွာ ကပ်ရောက်လျက်ရှိလေပြီ။

ထိုအချိန်က တက်ကြွပြင်းထန်ဆုံး လူထုအဖွဲ့အစည်းတစ်ခုဖြစ်သော ရန်ကုန်တက္ကသိုလ်သမဂ္ဂအသင်းတွင် ဝင်ရောက်ဆောင်ရွက်၍ လည်းကောင်း၊ သူကိုယ်တိုင် ရှေ့တန်းခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သော ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ် အရေးတော်ပုံကြီးကြောင့်လည်းကောင်း ၁၉၃၆ ခုနှစ် မတ်လတွင် ကျင်းပသော ဘီ၊ အေ အထက်တန်းစာမေးပွဲကို မဖြေဆိုဖြစ်ခဲ့ချေ။ နောင်တစ်နှစ် ၁၉၃၇ ခုကျတော့မှ ကျောင်းစာကိုပင် ကောင်းစွာမကျက်ဘဲ ဝင်ဖြေရာ ဘီ၊ အေ ဘွဲ့ကို ဆွတ်ခူးအောင်မြင်ခဲ့လေသည်။

နောက် ဘီ၊ အယ်လ်၊ ဥပဒေဘွဲ့ကိုယူရန် စိတ်ကူး၍ မှတ်ပုံတင်စာရင်းသွင်းခဲ့သေး၏။ သို့သော် နိုင်ငံရေးကိစ္စ၊ သမဂ္ဂကိစ္စတွေ ရှုပ်ပွေနေပြီဖြစ်သဖြင့် အတန်းလည်း မှန်မှန်မတက်၊ စာလည်း မကျက်သဖြင့် ဘီ၊ အယ်လ် ပထမနှစ် စာမေးပွဲကို ကျရှုံးခဲ့လေသည်။ ဤကား ဗိုလ်ချုပ်အောင်ဆန်း၏ တစ်သက်တာတွင် ပထမဆုံးအကြိမ်နှင့်
mgyoe.com

mgyoe.com


နောက်ဆုံးအကြိမ် စာမေးပွဲ ကျရှုံးခြင်းပင် ဖြစ်သည်။

ဒုတိယနှစ် ဘီ၊ အယ်လ်တန်းကိုကား နှစ်ကုန်အောင်ပင် မနေဖြစ်ခဲ့ချေ။ ဒုတိယ ကမ္ဘာစစ်ကြီး၏ မီးတောက်မီးလျှံတွေ ဥရောပတိုက်တွင် စတင် တောက်လောင်စ ပြုလာသဖြင့် ဗမာ့လွတ်လပ်ရေးအတွက် လုပ်ငန်းစပျိုးရန် အချိန်ရောက်ပြီဟု ယူဆကာ တို့ဗမာအစည်းအရုံးသို့ဝင်ပြီး သခင်အောင်ဆန်းအဖြစ်သို့ ကူးပြောင်းလိုက်သည့် အချိန်မှစ၍ ဗိုလ်ချုပ်၏ ပညာသင်ကြားရေး အချိန်ကာလသည် ပြည်ဖုံးကားချခဲ့တော့သတည်း။

❒

mgyoe.com

mgyoe.com

# အခန်း (၃)
# အတွေးအခေါ်အမြင်

ဗိုလ်ချုပ်အောင်ဆန်းကို လေ့လာရာ၌ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော အချက်မှာ လူ့အဖွဲ့အစည်းနှင့်ပတ်သက်၍ လည်းကောင်း၊ နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ သူ၏ အတွေးအခေါ်အယူအဆ တစ်နည်းအားဖြင့် သူ၏ အမြင်ပင် ဖြစ်၏။ ဤအချက်သည်ပင်လျှင် ဗိုလ်ချုပ်အား သာမန်အညာ ကျေးလက်က တောသား ရိုးအအ တစ်ယောက် ဘဝမှ ကမ္ဘာကျော်အောင် ထင်ရှားသည့် နိုင်ငံရေး၊ စစ်ရေး ခေါင်းဆောင်ကြီးတစ်ဦးအဖြစ်သို့ ရောက်အောင် ဖန်တီးပို့ဆောင်ပေးခဲ့သည်ဟု ကျွန်ုပ်က ဆိုချင်ပါ၏။

ငယ်စဉ်က သူသည် အခြားကလေးများနှင့် ရောနှော၍ မကစား။ စာဖတ်လျှင် ဖတ်၊ မဖတ်လျှင်လည်း တစ်ယောက်တည်း တွေးတောစဉ်းစားနေတတ်ကြောင်းကို အထက်က ဖော်ပြခဲ့ပြီး ဖြစ်သည်။ ထိုသို့ မိမိတစ်ကိုယ်တည်း တွေးတောဆင်ခြင်နေ တတ်သောအချိန်များ၌ ဗိုလ်ချုပ်၏ ဦးနှောက်ထဲတွင် ပြဿနာအမျိုးမျိုးနှင့် ပတ်သက်၍ သူ၏ယူဆချက် သူ၏အမြင်တို့သည် ပေါ်ပေါက်လာခဲ့ပေသည်။

ဗိုလ်ချုပ်ကိုယ်တိုင် စစ်အတွင်း ဂျပန်ခေတ်က ရေးသားခဲ့ဖူးသော သူ၏ ကိုယ်ရေးရာဇဝင် မှတ်စုတစ်ခု၌–

"ကျွန်တော်သည် လူရိုင်းဘဝမှ လာလေသလား မသိ၊ ယနေ့အထိ လူရိုင်းသဘောမျိုး နေချင်သည့် စိတ်ထားများ ရှိသည်။ ရဲဖန်ရံခါ လူယဉ်ကျေး

mgyoe.com

mgyoe.com


များနှင့် အသားမကျခဲ့။ မျက်စိနောက် မြင်ပြင်းကတ်လာမိသည်။ ထိုအခါများတွင် လူယဉ်ကျေးများနှင့် ငါက လူရိုင်းဟု ဓာတ်ခွဲပစ်ချင်သည့်စိတ်များ ရှိလာသည်။ လူရိုင်းကား ကြမ်း၏။ ခက်ထန်၏။ သို့သော် ဖြူဖြောင့်၏။ တည်ကြည်၏။ လွတ်လပ်၏။ ကျန်းမာ၏။ သန်စွမ်း၏။ ကျွန်တော်၏ စိတ်တွင် အလွန်စိုပြည်လတ်ဆတ်သော ဘဝဟု ယူဆမိသည်။ ဗမာပြည်ရှိ လူများသည် လူရိုင်းဘဝမျိုး ရောက်ချင် ရောက်သွားပါစေ။ လွတ်လပ်ချမ်းသာစွာ ခေါင်းထောင်နေနိုင်မည်ဆိုလျှင် မလွတ်လပ်သော လူယဉ်ကျေးဘဝထက် အဆတစ်ရာ ကျွန်တော်က ကြိုက်နှစ်သက်သည်။

"ကျွန်တော်ကား စိမ်းလန်းစိုပြည် ကျယ်ပြန့်သော လွင်ပြင်ရိုင်းပေါ်တွင် လက်ပန်းပေါက်ခတ်၍ လွတ်လွတ်လပ်လပ် မြူးထူးအော်ဟစ်နေလိုပေသည်" ဟူ၍ အတိအလင်း ရေးသားခဲ့ဖူးပေရာ ၎င်းမှတ်ချက်တစ်ခုတည်းနှင့် ဗိုလ်ချုပ်၏ ပင်ကိုအတွေးအခေါ် သဘောထားကို ခန့်မှန်းနိုင်ကြပေပြီ။

ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံရေးကာလတွင် သိကျွမ်းခဲ့သော စာရေးဆရာ ဒဂုန်တာရာသည် ဗိုလ်ချုပ်အကြောင်း လေ့လာချက် ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ရာတွင် 'အောင်ဆန်း သို့မဟုတ် အရိုင်း' ဟူ၍ သူ၏ဆောင်းပါးကို ခေါင်းစဉ်အမည် တပ်ခဲ့ဖူးလေသည်။

ယင်းသို့ ဖြူဖြောင့်ပြီး လွတ်လပ်သော အရိုင်းဘဝကို စုံမက်နှစ်သက်ခဲ့သည့် ဗိုလ်ချုပ်၏ စိတ်ဓာတ်ကား သူ ကြီးပြင်းလာပြီး နောက်ဆုံး ကွယ်လွန်သွားသည်အထိ စွဲမြဲတည်ရှိလျက် ရှိသေးကြောင်းကို ကျွန်ုပ်တို့အနေနှင့် အကဲခတ်မိခဲ့ပါသည်။

နဂိုက အဝတ်ကောင်း၊ အစားကောင်းကို ကျကျနန ဝတ်ဆင်ရမှာ ကြောက်သူဖြစ်ရာ စစ်အတွင်းကာလတွင် စစ်သေနာပတိ၊ စစ်ဝန်ကြီး နောက်ပြီး စစ်ပြီးခေတ်တွင် အစိုးရအဖွဲ့ဝင် ဝန်ကြီး စသဖြင့် အဆောင်အယောင်များ ထည်ဝါခန့်ညားသော အဝတ်အစားများ၊ ပကာသနများ၊ လိုအပ်သောရာထူးနှင့်နေရာသို့ ရောက်လာသောအခါ ဗိုလ်ချုပ်တွင် အလွန်စိတ်ပျက်လက်ပျက် ဖြစ်ခဲ့လေသည်။

"ဗိုလ်ချုပ်ဒီနေ့ည ညေ့ခံပွဲကို ခါတိုင်းလို ဝတ်စားသွားလို့ မဖြစ်ဘူး။ ဟောဒီ အဝတ်စုံနဲ့ ဖိနပ်ကို စီးသွားပါ" ဟု ကျွန်ုပ်က တစ်ခါတစ်ရံ သူ့နေရာ အချိန်ကာလနှင့် လျော်ညီအောင် တပည့်ရဲဘော်ပီပီ စီစဉ်ပေးသောအခါများ၌–

"ကွာ မင်းတို့ လူယဉ်ကျေးတွေရဲ့ ပကာသနတွေက တယ်ရှုပ်တာကိုး။ ငါ

mgyoe.com

mgyoe.com


တော့ ဒါတွေအားလုံး အပိုတွေချည်းပဲလို့ ထင်တာပဲ" ဟု ပြောရင်း ကျွန်ုပ် ယူပေးသော အဝတ်စုံကို မဝတ်ချင် ဝတ်ချင်နှင့် ဝတ်တတ်လေသည်။

ဗိုလ်ချုပ်၏ အတွေးအခေါ်နှင့် စပ်လျဉ်း၍ စိတ်ဝင်စားဖွယ် နောက်တစ်ချက် ရှိပါသည်။ ၎င်းကား အမှန်တရားကို မြတ်နိုးခြင်း (Love of Truth) ပင်တည်း။ ဤအချက်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ ပင်ကိုစရိုက်တွင် အပေါ်လွင်ဆုံး အချက်တစ်ချက် ပင် ဖြစ်ပါ၏။

ငယ်စဉ်ကတည်းက သူသည် လိမ်လည်လေ့ မရှိ။ လိမ်လည်း မလိမ်တတ်ခဲ့ပေ။ မတော်တဆ လိမ်မိလျှင်လည်း ချက်ချင်း မှန်ရာကို ဖွင့်ပြောပြီး ဖြောင့်ချက်ပေး တတ်သည်။

နတ်မောက်မြို့ ဆရာတော် ဦးသောဘိတကျောင်း၌နေစဉ် တစ်နေ့သ၌ ကျောင်းသားများ အလုပ်အားနေရာ ဆရာဘုန်းတော်ကြီးက–

"ဟေ့ ကျောင်းသားတွေ အလုပ်မရှိရင် ဆော့မနေကြနဲ့။ အိပ်နေကြ။ မင်းတို့ အားလုံး အိပ်ချင်ကြတယ် မဟုတ်လား"ဟု မေးရာ ကျောင်းသားတွေက မအိပ်ချင်ဘဲ အိပ်ချင်ပါသည်ဟု ဘုန်းကြီးအလိုကျ လျှောက်ကြလေသည်။

"ဟဲ့ အောင်ဆန်း၊ မင်းကော မအိပ်ချင်ဘူးလား" ဟု တိုက်ရိုက်မေးသော အခါ၌မူ–

"မအိပ်ချင်ပါ ဘုရား" ဟု သူ စိတ်ထဲရှိသည့်အတိုင်း မှန်ရာကို လျှောက်လိုက်ရာ ဆရာဘုန်းကြီးမှာ ပြုံးနေလေသည်။

ဤကား ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက အမှန်တရားကို မြတ်နိုးပြီး လိမ်လည်ခြင်းကို စက်ဆုပ်သော ဗိုလ်ချုပ်၏ ပင်ကိုသဘောကို ထင်ရှားစေသော သာဓက တစ်ခုပင် ဖြစ်သည်။

လူလားမြောက်၍ ကြီးပြင်းလာသောအခါ၌လည်း မှန်ကန်ဖြောင့်မတ်ခြင်းကို လိုလားနှစ်သက်သော သူ၏စရိုက်မှာ ပျောက်ကွယ်မသွားဘဲ ဆက်လက် တည်မြဲ နေခဲ့လေသည်။ ငယ်ငယ်ကလို ဒေါသကြီး စိတ်တိုသလောက် စကားကို ဘယ်တော့မှ လိမ်လည်၍မပြော၊ ဟုတ်တိုင်းမှန်ရာကို တိတိကျကျ ပြောတတ်သည်။

ထိုသို့ မှန်ကန်ဖြောင့်မတ်ခြင်းကို လိုလားသော ဝါသနာစရိုက်ကို သူ၏ သားသမီးများတွင်လည်း ရှိစေချင်သောဆန္ဒ ဗိုလ်ချုပ်တွင် ရှိခဲ့လေသည်။

၁၉၄၅ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီးအပြီး ဖဆပလ အမျိုးသားတပ်ဦးကို ပင်ပန်း ကြီးစွာ ဦးစီးခေါင်းဆောင်လျက်ရှိစဉ် ဗိုလ်ချုပ်၏ ဒုတိယသား အောင်ဆန်းလင်း

mgyoe.com

mgyoe.com


(ယခု ရေနုစ်ကွယ်လွန်သွားရှာပြီ) မှာ အခြားကလေးများထက် ပိုပြီး ဆိုးချင် ဆော့ချင် သဖြင့် ဒေါ်ခင်ကြည်က မိခင်တို့ဘာဝ–

"ဒီကောင်လေး တစ်ယောက်ဟာ သိပ်ဆိုးတာပဲ၊ အငြိမ်ကိုမနေဘူး"

ဟု ညည်းတွားလိုက်ရာ ဖဆပလ ရွှေတိဂုံညီလာခံအတွက် မိန့်ခွန်းစီစဉ် ရေးသားနေသော ဗိုလ်ချုပ်က–

"ဟေ့ ငါ့ကလေးတွေ ဆိုးချင်ဆိုးပါစေကွာ၊ အရေးကြီးတာက ကလေးဆိုတာ ကိုယ်ကျင့်တရား (Character) ကောင်းဖို့ရယ်၊ နောက်ပြီး မှန်ကန်ဖြောင့်မတ်ခြင်းကို လိုလားဖို့ (Love of Truth) ရယ် ဒါပဲလိုတယ်" ဟု သူ့ကိုယ်သူနှင့်လည်း နှိုင်းလျက် သူ လိုလားမျှော်မှန်းသော ယောကျ်ားကောင်း၏ ဂုဏ်အင်္ဂါကို ထုတ်ဖော်ပြောခဲ့ဖူးလေ သည်။

အမှန်တရားကို မြတ်နိုးသော ဗိုလ်ချုပ်၏အတွေးအခေါ်နှင့် စပ်လျဉ်း၍ နောက် သာဓကတစ်ခု ရှိသေး၏။

သူ လေးနှစ်သားအရွယ်ခန့်က မိခင်ဒေါ်စုသည် တစ်နေ့သ၌ တောမှ စပါး ဝယ်လာသူတွေနှင့် အရောင်းအဝယ် ဈေးစကား ပြောနေကြရာ အမေစုက–

"ကဲ ဒီစပါးတွေကို မင်းတို့လိုချင်ရင် ၅၀ ဈေးနဲ့ပဲ ပေးလိုက်ပါ့မယ်။ ငါ ဝယ်တုန်းကတော့ ၆၀ ဈေးတောင် ပေးရတယ်" ဟု ပြောနေစဉ် အနီးအနားတွင် ကစားနေသော မောင်အောင်ဆန်းကလေးက မိခင်အား–

"ဟာ အစ်မကလည်း မဟုတ်တာ ပြောရော့မယ်။ ခင်ဗျား ၅၀ ဈေးနဲ့ ဝယ် ထားတာ ကျွန်တော်သိသားနဲ့ မှန်တာပြောပါဗျာ၊ လိမ်တာ မကောင်းဘူး"

ဟု တဲ့တိုးကြီး ဝင်ပြောသဖြင့် ဘေးလူတွေက သဘောကျပြီး ရယ်မောကြသလောက် ဧည့်သည်တွေ ပြန်သွားသောအခါ အောင်ဆန်းကလေးမှာ မိခင်ကြီးက ပေါင်တွင်း ကြော လိမ်ဆွဲခြင်းကို ခံခဲ့ရလေသည်။ သို့သော် သူက အလျှော့မပေး။

"အစ်မက လိမ်ပြောတာကိုးဗျ" ဟု မိခင်ကြီးအား ဆင်ခြေပြန်ကန်ခဲ့လေသည်။

ဤကား ဗိုလ်ချုပ်အောင်ဆန်း၏ ပင်ကိုစရိုက်နှင့် စပ်လျဉ်း၍ သူ့အသက်ထက် ဆုံး တည်မြဲပေါ်လွင်ခဲ့သော အတွေးအခေါ်ဆိုင်ရာ အချက်အလက် အချို့ပင်တည်း။

❒

mgyoe.com

mgyoe.com

# အခန်း (၄)
# နိုင်ငံရေးဗီဇ

ဗိုလ်ချုပ်အောင်ဆန်းသည် မျိုးရိုးဇာတိအားဖြင့် ကြေးရတတ် မြေပိုင်ရှင် (ဝါ) ဗမာ့လူ့အဖွဲ့အစည်း၏ အထက်တန်းလွှာ အရင်းရှင်ပေါက်စ အစိတ်အပိုင်းမှ ဆင်းသက်လာကြောင်း အထက်တွင် ပြဆိုခဲ့ပြီး ဖြစ်ပေသည်။ သို့ရာတွင် လူလားမြောက်သောအခါ၌မူ သူ၏ ဘဝအသိနှင့် ဆန့်ကျင်ဘက်ဖြစ်သော နိုင်ငံရေး စိတ်ဓာတ်တွေ၊ ဆင်းရဲသား ကျောမွဲလူထု၏ ဘဝလွတ်မြောက်ရေးကို ဖန်တီးဆောင်ရွက်ပေးလိုသော ဆန္ဒတွေ ပေါ်ပေါက်လာခဲ့ခြင်းမှာ အဘယ်ကြောင့်ပေနည်း။

ပြီးခဲ့သောအခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း သူ၏ လေးလေးနက်နက် တွေးတောဆင်ခြင်မှုများမှ ဖြစ်ပေါ်လာအပ်သည့် အတွေးအခေါ်နှင့် အမြင်တို့မှ တစ်ဆင့် သူ၏ စိတ်ဓာတ်နှင့် ထင်မြင်ယူဆချက်များ ပြောင်းလဲတိုးတက်လာသည် ဟူ၍ပင် ဆိုရပါမည်။

ဥပမာ မိဘများက ပစ္စည်းဥစ္စာကုံလုံသော မြေပိုင်ရှင်များဖြစ်သည့်အတိုင်း တောအရပ်မှ ဆင်းရဲသား တောင်သူလယ်သမားတွေကို လူကြီးတွေ မြေရှင်ပီပီ အပေါ်စီး၍ ဆက်ဆံသည်ကို ဗိုလ်ချုပ်အနေနှင့် မနှစ်မြို့ခဲ့။ အထူးသဖြင့် ဆင်းရဲနွမ်းပါးလှသော စာရင်းငှား အလုပ်သမားများကို ကြည့်ရင်း လူတမ်းစေ့မနေနိုင်သော ဆင်းရဲသား လူထုအပေါ် သနားကရုဏာ ဖြစ်မိခဲ့သည်။ ဗမာပြည် လူဦးရေ၏ လူများစုဖြစ်သော ဆင်းရဲသား လူတန်းစား၏ ကောင်းကျိုးချမ်းသာနှင့် ဘဝမြှင့်တင်ရေးကို

mgyoe.com

mgyoe.com


ကြိုးပမ်းဆောင်ရွက်လိုစိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာခဲ့လေသည်။

တစ်ဖန် ဗိုလ်ချုပ်သည် ဘိုးအေတော်သူ ရွှေလရောင်ဘွဲ့ခံ မျိုးချစ်အာဇာနည်ကြီး ဦးမင်းရောင်၏ အစွမ်းနှင့် စိတ်ဓာတ်အကြောင်းကို ကြားသိမှတ်သားရ၍ လည်းကောင်း၊ ဗမာပြည် ရာဇဝင်သမိုင်းကို လေ့လာသင်ကြားရပြီး အမျိုးသားကျောင်းတွင် နေခဲ့ရ၍ လည်းကောင်း၊ နိုင်ငံရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တွေ ဖြစ်ပွားပေါ်ပေါက်လာရသည် ဟူ၍လည်း အချို့က ဆိုကြသည်။ ဤအချက်သည်လည်း ဖြစ်နိုင်သော အကြောင်းတစ်ရပ်ပင် ဖြစ်၏။

ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးဗီဇကား ခပ်ငယ်ငယ် ကလေးအရွယ်လောက်ကပင် စတင်ခဲ့ကြောင်း ယုံမှားဖွယ် မရှိပေ။ ရေနံချောင်းမြို့ အမျိုးသားကျောင်း၌ ပညာသင်ကြားလျက်ရှိစဉ် ကျောင်းသားအစည်းအဝေးတစ်ခုတွင် ကိုအောင်ဆန်းက–

> "ကျွန်တော်တို့ အမျိုးသားကျောင်းသားတွေဟာ ကျောင်းစာကို ကုန်းဖတ်နေရုံနဲ့ တာဝန်ကျေပွန်ပြီလို့ မဆိုနိုင်ဘူး။ ဗမာပြည်ကြီး သူများ လက်အောက်ခံ ကျွန်ဖြစ်နေတာကို ကျွန်ဘဝက လွတ်မြောက်အောင် ဘယ်လို ဖန်တီးကယ်တင်ရမယ်ဆိုတာ ခုနေက စဉ်းစားဖို့ တော်ပြီ။ ဒါတွင်မကသေးဘူး။ အခု ခင်ဗျားတို့ ကျွန်တော်တို့ ရာဇဝင်ဘာသာ သင်နေရတယ်။ ရာဇဝင်ကို တတ်သိနားလည်ရုံနှင့် မပြီးဘူး။ ရာဇဝင်ကို ဖန်တီးပေးနိုင်တဲ့ လူတွေ ဖြစ်လာအောင် ကိုယ်တိုင်ကြိုးစားကြမှ တကယ့် လူတော် လူကောင်းတွေလို့ ဆိုနိုင်မယ်"

ဟု ရဲရဲတောက် နိုင်ငံရေးစကားကို ပြောဆိုခဲ့သဖြင့် သူ့ထက် အသက်ကြီးသော ကျောင်းသားကြီးများပင် အံ့အားသင့်ခဲ့ကြရလေသည်။

၁၉၃၂ ခုနှစ် ရန်ကုန် တက္ကသိုလ်ကျောင်းသို့ ရောက်လာသောအခါ၌မူကား နိုင်ငံခြားမှ အထွေထွေ ဗဟုသုတ စာအုပ်စာတမ်းများကိုလည်း ဖတ်ရှုလေ့လာရသည်တွင် ဗိုလ်ချုပ်၏ နိုင်ငံရေးစိတ်ဓာတ်နှင့် အတွေးအခေါ်များသည် ပို၍ ရင့်သန် တက်ကြွလာလေသည်။

တက္ကသိုလ် ပဲခူးကျောင်းဆောင်၌နေရင်း ဆိုကရေတီစ်၊ ပလေတို၊ အရစ္စတိုတယ်လ်နှင့် နိုင်ငံရေး အဘိဓမ္မာသစ် ရှာဖွေတွေ့ရှိသူ ကားလ်မာ့က္စ်၏ စာပေများကို သဲသဲမဲမဲ လေ့လာခဲ့လေသည်။

အထူးသဖြင့် ခေါမ (ဂရိ) အဘိဓမ္မာဆရာကြီး အရစ္စတိုတယ်လ်၏ "လူသည်

mgyoe.com

mgyoe.com


နိုင်ငံရေးသတ္တဝါတစ်ဦး ဖြစ်သည်" ဟူသော အာဘော်ကို ဗိုလ်ချုပ်က အလွန် နှစ်ခြိုက် သဘောကျခဲ့လေသည်။

ထိုခေတ် ရန်ကုန်တက္ကသိုလ်မှ ရုပ်ရှင်မင်းသားဟန် ကြော့ကြော့မော့မော့ စတိုင် ဖြော်အောင် ဝတ်စားဆင်ယင်လေ့ရှိသော ကောလိပ်ကျောင်းသားများအား ဗိုလ်ချုပ်က အစိုးရအမှုထမ်း၊ မြို့အုပ်ဝန်ထောက်၊ အရေးပိုင်၊ စာရေးစာချီလောင်းများအဖြစ် မမြင်မိ၊ ခေါ်မစာရေးဆရာကြီး အရစ္စတိုတယ်လ် ရေးခဲ့သော 'နိုင်ငံရေး သတ္တဝါ' များအဖြစ်သာ မြင်ခဲ့လေသည်။

သို့သော် အခိုက်အတန့်အားဖြင့် အဆိုပါ နိုင်ငံရေးသတ္တဝါများသည် ပတ်ဝန်း ကျင် အခြေအနေအရ နိုင်ငံရေးအတွေးအခေါ် မှားနေခဲ့ကြသည်ဖြစ်ရာ သူတို့အားလုံး အမြင်မှန်ရအောင် မည်သို့မည်ပုံ ဆောင်ရွက်ပေးရမည်ကို ပဲခူးကျောင်းဆောင် သူ၏ အခန်းကလေးထဲတွင် အောင်းနေရင်း ဗိုလ်ချုပ်သည် တွေးတောကြံဆခဲ့လေသည်။

ဘီ၊ အေ အောင်လျှင် အိုင်စီအက်၊ ဘီစီအက် စာမေးပွဲဝင်ရန် သူ ရည်ရွယ်ချက် ရှိပြီး ဘီ၊ အေ မအောင်မီ ကာလတွင်မူ တင်းနစ်ကစား၊ လှေလှော်၊ ဆိုရှယ်မိတ်ဆက် ပွတ်သဘင်တက်၊ အင်းလျားဟောလ် (မိန်းကလေးဆောင်) သွားဖို့လောက်သာ အားထုတ်အချိန်ဖြုန်းနေကြသော ဗမာ့ သားကောင်းတက္ကသိုလ် ကျောင်းသားထုကို ကြည့်ရင်း ဗိုလ်ချုပ်သည် စိတ်ထဲတွင် မချင့်မရဲ ဖြစ်နေ၏။

"တစ်နေ့တစ်နေ့ ဒီလူတွေ စိတ်ဓာတ်ပြောင်းလဲပြီး မှန်ကန်တိုးတက်လာအောင် လုပ်ပေးရမယ်" ဟု တွေးရင်း ဗမာလူငယ်ထုအား မှန်ကန်သော ခေါင်းဆောင်မှုပေးရန် ပြင်းစွာသောဆန္ဒ ဖြစ်ခဲ့၏။

ယင်းသို့ သူ၏ တက်ကြွပြင်းထန်သော စိတ်ဆန္ဒအတိုင်း လက်တွေ့ အကောင် အထည်ဖော်ရန် အခွင့်အရေးကား သူ ဘီ၊ အေ အထက်တန်းသို့ရောက်သော နှစ် (၁၉၃၅) တွင် အခြေအနေအရ ပေါ်ပေါက်လာခဲ့လေတော့သည်။

❒

mgyoe.com

mgyoe.com

## အခန်း (၅)
## ခေါင်းဆောင်မှု၏အစ

ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားဘဝက အခြား ကျောင်းသားများနှင့် လုံးဝမတူ အူကြောင်ကြောင်နှင့် လူ့ခွစာတစ်ယောက် ဖြစ်ခဲ့လေရာ သူ၏ ပတ်ဝန်းကျင်ရှိ လူအပေါင်းတို့က "အောင်ဆန်းအရူးပဲ" ဟု လှောင်ပြောင်ဝေဖန်ခြင်း ခံခဲ့ရသည်ကို သူနှင့် ကောလိပ်ကျောင်းတွင် တစ်ချိန်တည်းနေခဲ့ရသူ မှန်သမျှက သိခဲ့ကြလေသည်။

တစ်နည်းအားဖြင့် သူသည် ကောလိပ်ကျောင်းသား တစ်ယောက် ဖြစ်လာသည့် တိုင်အောင် တစ်နေ့ကျလျှင် လူဦးရေ ၁၇ သန်းမျှသော ဗမာတိုင်းရင်းသား လူထု ကြီးအား လွတ်လပ်ရေးပန်းတိုင်ဆီသို့ ရှေ့ဆောင်ခေါ်ယူသွားနိုင်မည့် ပုဂ္ဂိုလ်ထူး တစ်ဦး ၏ အရိပ်လက္ခဏာများလည်း ပေါ်လွင်ထင်ရှားခြင်း မရှိခဲ့ပေ။

သို့ရာတွင် သူ၏ ဦးနှောက်တွင်း၌ နှစ်ရှည်လများ စဉ်းစားဆင်ခြင်ခဲ့သော နိုင်ငံရေး အတွေးအခေါ် အယူအဆများမှာ တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း တွင် အတော်ရင့်ကျက်၍ လာခဲ့လေပြီ။ တစ်ဖန် ထိုသို့ တဖြည်းဖြည်း ကြွယ်ဝပြောင် မြောက်လာသော သူ၏ အတွေးအခေါ်များကို လက်တွေ့လုပ်ငန်းအဖြစ် စမ်းသပ် အကောင်အထည်ဖော်ရန် အခွင့်အရေးတစ်ခုသည် သူ ဘီ၊ အေ အထက်တန်းရောက် သော ၁၉၃၅ ခုနှစ်တွင် ပေါ်ပေါက်လာလေတော့သည်။

ရန်ကုန်တက္ကသိုလ်သမဂ္ဂအသင်းသည်ကား စတင်တည်ထောင်သော ၁၉၃၁

mgyoe.com

mgyoe.com


ခုနှစ်မှစ၍ သာမန်စာကြည့်သင်းယောင်ယောင်၊ သဟာယအသင်းယောင်ယောင်နှင့် တကယ့် စည်းရုံးမှုသဘော ပါဝင်သော လူထုအဖွဲ့အစည်းတစ်ရပ် မဖြစ်ခဲ့ချေ။ ထို အသင်းကို ခေါင်းဆောင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး စသည့် အမှုဆောင်များမှာ လည်း နောင်ကျောင်းမှ ထွက်သောအခါ အစိုးရဘက် ရာထူးကောင်းကောင်းရဖို့ လောက်သာ မျှော်မှန်းချက်ရှိသူများ ဖြစ်ခဲ့လေသည်။ ကျောင်းသားထု၏ ဘဝမြှင့်တင် ရေး၊ ဗြိတိသျှတို့ပေးထားသော ကိုလိုနီပညာရေးစနစ်ကို တော်လှန်ပြောင်းလဲပစ်ရေးတို့ ၌ ရှေ့ဆောင်ရှေ့ရွက် ပြုပေးရန်လည်း သမဂ္ဂ အမှုဆောင်များက ကောင်းစွာ စိတ်မဝင် စားခဲ့ကြချေ။

၁၉၃၆ ခုနှစ်တွင်မူ အယူအဆ အတွေးအခေါ်သစ်၊ အမြင်သစ်တွေနှင့် လူငယ် တစ်စုသည် ရန်ကုန်တက္ကသိုလ်သမဂ္ဂအသင်းကြီး၏ စင်မြင့်ပေါ်သို့ တက်ရောက်လာ ကြလေသည်။

ဥက္ကဋ္ဌအဖြစ် မျိုးချစ်စိတ်သန်လှသော ကိုနု (ယခု ဝန်ကြီးချုပ် ဦးနု) အရွေးခံ ရသည်နှင့်အမျှ ကျန်အမှုဆောင်များအဖြစ်လည်း ကိုကျော်ငြိမ်း၊ ကိုသိန်းဖေ၊ ကိုလှဖေ၊ မစ္စတာရာရှစ်၊ ကိုအုံး စသော တိုးတက်သော အယူအဆသစ်ရှိ မျိုးချစ်လူငယ်များက အများသဘောတူ မဲဆန္ဒဖြင့် ခေါင်းဆောင်ပိုင်းသို့ ရောက်ရှိလာကြလေသည်။

ထိုအမှုဆောင်အဖွဲ့တွင် ကိုအောင်ဆန်းသည်လည်း ပါဝင်လာလေရာ စာပေ အရေးအသား ကောင်းမွန်နိုင်နင်းသူတစ်ယောက်အဖြစ် သူ့အား တက္ကသိုလ် သမဂ္ဂ အသင်း၏ ကြွေးကြော်သံဖြစ်သော 'အိုးဝေမဂ္ဂဇင်း' ၏ တာဝန်ခံ အယ်ဒီတာအဖြစ် ရွေးချယ်ခြင်း ခံရလေသည်။

ယင်းသို့ အိုးဝေမဂ္ဂဇင်း အယ်ဒီတာ ဖြစ်လာခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝခရီးတွင် အလွန်အရေးပါ ထူးခြားသော မှတ်တိုင်တစ်တိုင် ဖြစ်သည်ဟု ဆိုရပေ မည်။ သူ ငယ်စဉ်ကစပြီး တွေးတောဆင်ခြင်ကြည့်ခဲ့သော အယူအဆများကို လူထု ပရိသတ် ရှေ့မှောက်သို့ တင်ပြနိုင်လာသော ပထမဆုံး အခွင့်အရေးလည်း ဖြစ်ခဲ့သည်။

ထို့ကြောင့် သမဂ္ဂ၏ စာစောင် အိုးဝေမဂ္ဂဇင်းအယ်ဒီတာ ကုလားထိုင်ပေါ်မှ နေ၍ ဗိုလ်ချုပ်သည် ဗမာ့လူငယ်ထုအား သူ့အမြင်အတိုင်း ခေါင်းဆောင်မှု ပေးတော့ အံ့ဟု စိတ်ပိုင်းဖြတ်ကာ ကလောင်လက်နက်ကို စွဲကိုင်ခဲ့လေတော့သည်။

ထို့ကြောင့် ၁၉၃၅–၃၆ ခုနှစ်ထုတ် အိုးဝေမဂ္ဂဇင်းမှာ ယခင်နှစ်များကနှင့် လုံးဝ မတူတော့ဘဲ တစ်မူထူးခြားကာ ဆန်းသစ်ပြောင်မြောက်သော အသွေးအရောင် အာဘော်

mgyoe.com

mgyoe.com


တွေနှင့် ထွက်ပေါ်လာခဲ့လေသည်။

အဆိုပါ အိုးဝေမဂ္ဂဇင်း ထွက်လာသည်နှင့်တစ်ပြိုင်နက် ရန်ကုန်တက္ကသိုလ်နယ်မြေတစ်ခုလုံး သွက်သွက်ခါအောင် တုန်လှုပ်သွားစေသည့် အကြောင်းတစ်ရပ်လည်း ပေါ်လာတော့၏။ ထိုအကြောင်းကား ရေးသူ အမည်မှန်ကို ဖော်မထားသော "အဝီစိငရဲမှ ခွေးနက်ကြီးတစ်ကောင် လွတ်နေပြီ" (Hell Hound at Large) ခေါင်းဆောင်းပါးတစ်ပုဒ်မဂ္ဂဇင်းတွင် ပါလာခြင်းပင် ဖြစ်၏။

ထိုဆောင်းပါးမှာ တက္ကသိုလ်အာဏာပိုင် အရာရှိပိုင်းမှ ကိုယ်ကျင့်တရား ဖောက်ပြားနေသော ပုဂ္ဂိုလ်တစ်ဦးအား လက်သံပြောင်ပြောင်နှင့် စောင်းချိတ်သရော်ထားသော အင်္ဂလိပ်ဘာသာ စာပြောင်ဆောင်းပါးတစ်ပုဒ်ပင်ဖြစ်ရာ တက္ကသိုလ် အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်တို့က ဆတ်ဆတ်ခါ နာကြည်းကြလေသည်။ အိုးဝေမဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာဖြစ်သူ ကိုအောင်ဆန်းကိုလည်း အကြီးအကျယ် အမျက်ထွက်ကာ အထက်ပါ ဆောင်းပါးရေးသူ၏အမည်မှန်ကို ထုတ်ဖော်တင်ပြရမည်ဟု အတင်းအကျပ်အမိန့်ပေးလေသည်။

ဤကား ရဲရဲတောက်သတ္တိနှင့် စိတ်ဓာတ်ရှိသူ ဗိုလ်ချုပ်အား တက္ကသိုလ်အာဏာပိုင်တို့က အကြောင်းမသိဘဲ သွေးတိုးစမ်းသလို ပြုလုပ်ခဲ့ခြင်းပင် ဖြစ်သည်။

စာနယ်ဇင်းလောက၌ စာဖြင့် ရေးမထားသော ဥပဒေ (Unwritten Law) များရှိရာ တစ်ခုသော ဥပဒေမှာ တာဝန်ခံအယ်ဒီတာမည်သည် စာစောင် သို့မဟုတ် မဂ္ဂဇင်းတွင် ပါဝင်ရေးသားသော ဆောင်းပါးစာမူများ အားလုံးအတွက် တာဝန်ယူရသည့်အပြင် တစ်စုံတစ်ရာသော အကြောင်းကြောင့် ဆောင်းပါးရှင်၏ အမည်၊ နေရပ်ကို ပြင်ပလူများက မေးမြန်းစစ်ကြောလျှင် မည်သည့်နည်းနှင့်မှ ထုတ်ဖော်ဖွင့်ဟခြင်း မပြုရ။ တစ်စုံတစ်ခု ဖြစ်လာခဲ့လျှင်လည်း အယ်ဒီတာကသာ တာဝန်ယူ အပြစ်ခံသင့်ခံရမည်။ သစ္စာရှိရမည်ဟူသတည်း။

ဤတာဝန်ဥပဒေကို ဗိုလ်ချုပ်မှာ အထူးလေးစားရှိသေသူဖြစ်ရာ အာဏာပိုင်တို့က ဆောင်းပါးရှင် ဘယ်သူလဲ၊ ဖွင့်ပြောရမည်ဟု အကျပ်ကိုင်လေ သစ္စာရှိ၊ သတ္တိရှိသော အယ်ဒီတာတစ်ဦးပီပီ မပြောနိုင်ဘူး။ ခင်ဗျားတို့ ကြိုက်သလိုလုပ် ဟူ၍သာ ခေါင်းမာမာနှင့် တင်းခံလေ လုပ်နေခဲ့သည်ကို တက္ကသိုလ် အုပ်ချုပ်ရေးဘက်က အထူး မခံမရပ်နိုင် ဖြစ်ခဲ့၏။

အိုးဝေမဂ္ဂဇင်းကို ထုတ်ဝေသော တက္ကသိုလ်သမဂ္ဂအသင်းနှင့် အသင်းဥက္ကဋ္ဌ ကိုနုကိုလည်း အရေးယူပြန်သဖြင့် သမဂ္ဂနှင့် တက္ကသိုလ် အာဏာပိုင်တို့ အကြီးအကျယ်

mgyoe.com

mgyoe.com


ပဋိပက္ခ ဖြစ်လာတော့သည်။

ဤနေရာတွင် ထိုစဉ်က ရန်ကုန်တက္ကသိုလ်သမဂ္ဂအသင်း၏ ဝါဒနှင့် အသင်းအကြောင်း အနည်းငယ် ဖော်ပြရန် လိုပေသည်။ ထိုနှစ် သမဂ္ဂအမှုဆောင်အဖွဲ့သို့ တက်ရောက်ဦးစီးသူများမှာ တိုးတက်သော နိုင်ငံရေးအတွေးအခေါ်နှင့် မျိုးချစ်စိတ်ဓာတ်တက်ကြွသူ လူငယ်တစ်စုဖြစ်ရာ ဝါဒပေါ်လစီအားဖြင့် ဗြိတိသျှနယ်ချဲ့စနစ်ကိုလည်းကောင်း၊ ဗြိတိသျှတို့၏ ကိုလိုနီပညာရေးစနစ်ကိုလည်းကောင်း တိုက်ဖျက်ပြီး ဗမာ့လွတ်လပ်ရေး လမ်းစကို ဖော်လိုသော ရည်ရွယ်ချက် ထားရှိခဲ့ကြ၏။ ထို့ကြောင့် သမဂ္ဂအသင်း၏ ခေါင်းဆောင်မှုနှင့် စည်းရုံးရေးအောက်တွင် တက္ကသိုလ်ကျောင်းသားထု၏ အင်အားကို စုရုံးသိမ်းသွင်းရန် လိုနေခဲ့သည်။

တက္ကသိုလ်ကျောင်းသားတွေမှာ သာမန်အားဖြင့် သွေးအေးသူများဖြစ်ရာ ရိုးရိုးနည်းဖြင့် စည်းရုံးရန် မလွယ်ကူလှချေ။ ဗမာ့လူ့အဖွဲ့အစည်းမှာ အရင်းရှင်ပေါက်စ လူလတ်တန်းစားများ ဖြစ်သည့်အတိုင်း သွေးဆူပြီး စိတ်လှုပ်ရှားမှု တစ်ခုခုမရှိဘဲ ထိုင်ရာမှ မထလိုသူများချည်း ဖြစ်ခဲ့၏။ မျိုးချစ်စိတ်မရှိ၍ မဟုတ်။ ဘာသိဘာသာ နေလိုသော စိတ်ဓာတ်မျိုး ဖြစ်၏။

ထိုအခြေအနေမျိုးတွင် အိုးဝေ ဆောင်းပါးကြောင့် သမဂ္ဂခေါင်းဆောင်ပိုင်းနှင့် တက္ကသိုလ် အာဏာပိုင်တို့၏ ပဋိပက္ခဖြစ်မှုသည် ပြာဖုံးသော မီးခဲအနီးမှ ကောက်ရိုးပုံကို ဟုန်းခနဲ လေပင့်၍ တိုက်လိုက်သလို ဖြစ်သွားစေလေတော့သည်။

အထူးသဖြင့် အိုးဝေမဂ္ဂဇင်းအယ်ဒီတာ ကိုအောင်ဆန်းအား ခေါင်းမာမှုကြောင့် တက္ကသိုလ်ကျောင်းမှ ထုတ်ပယ်ပစ်လိုက်သောအခါ၌မူ သမဂ္ဂခေါင်းဆောင်တို့၏ စနစ်တကျ လှုံ့ဆော်မှုကြောင့် ကောလိပ်ကျောင်းသားလူများစုသည် အလိုအလျောက် ညီညွတ်စွာ စည်းရုံးမိပြီးသား ဖြစ်လာတော့သည်။

အိုင်စီအက်၊ ဘီစီအက် ရာထူးတွေကို မျှော်မှန်းနေကြသော လူပေါ်ကြော့ကျောင်းသားထုသည် နိုင်ငံရေး မျိုးချစ်စိတ်ဓာတ်တွေ တက်ကြွကာ တစ်ခဲနက် သွေးဆူစွာဖြင့် သမဂ္ဂ အလံတော်အောက်သို့ တညီတညွတ်တည်း စုရုံးဝင်လာကြလေတော့သည်။

ရန်ကုန်တက္ကသိုလ် ရာဇဝင်တွင် မကြုံဖူးအောင် ကျောင်းသားထု၏ စည်းလုံးညီညွတ်မှုကို သမဂ္ဂအသင်းက ခေါင်းဆောင် ဖန်တီးပြလိုက်သောအခါ တက္ကသိုလ် အာဏာပိုင်များနှင့် ဗမာပြည် (ဗြိတိသျှ) အစိုးရပါ မျက်လုံးပြူးသွားခဲ့သည်။

mgyoe.com

mgyoe.com


သမဂ္ဂဥက္ကဋ္ဌ ကိုနုနှင့် အိုးဝေအယ်ဒီတာ ကိုအောင်ဆန်းတို့အား တက္ကသိုလ် အာဏာပိုင်များက စတင်ထိုးစစ်ဆင်သလို ရန်စလာခြင်း၏ အကျိုးသက်ရောက်မှုကား ပစ္စုပ္ပန်ခေတ် ဗမာနိုင်ငံသမိုင်းတွင် အလွန်အရေးပါစွာ မှတ်တမ်းတင်ရမည့် (၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၂ ရက်နေ့ စတင်သော) ရန်ကုန်တက္ကသိုလ် သပိတ်မှောက် အရေးတော်ပုံကြီးပင် ဖြစ်ပေသတည်း။

❐

mgyoe.com

mgyoe.com

# အခန်း (၆)
# ဗိုလ်ချုပ်ကို မွေးထုတ်သော တက္ကသိုလ်သပိတ်ကြီး

ရန်ကုန်တက္ကသိုလ်သမဂ္ဂအသင်းက ခေါင်းဆောင် ဦးစီးခဲ့သော ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ် အရေးတော်ပုံကြီးကား ရှေးလာလတ္တံ့သော ခေတ်များမှ ရာဇဝင် သမိုင်းပြုစုသူ ပညာရှင် သုတေသနဆရာတို့အဖို့ အလွန်အရေးကြီးလှသည့် ကဏ္ဍ တစ်ရပ် ဖြစ်လာရမည်မှာ ယုံမှားဖွယ်မရှိပေ။

နိုင်ငံရေး စိတ်ဓာတ်တက်ကြွသော မျိုးချစ်လူငယ်တစ်စု ရှေ့ဆောင်မှုပေးခဲ့သော အဆိုပါ သပိတ်အရေးတော်ပုံကြီးမှာ ရန်ကုန်တက္ကသိုလ်နှင့် အပေါင်းပါကောလိပ်များ သာမက ဗမာတစ်နိုင်ငံလုံးရှိ စာသင်ကျောင်းအသီးသီးသို့ ကူးစက်ပြန့်ပွားခဲ့သည့်အပြင် သပိတ်မှောက်ရသည့် အကြောင်းကား ဘာပဲဖြစ်နေနေ သပိတ်ကြောင့် ဗမာကျောင်းသား လူငယ်ထုတွင် မကြုံစဖူး ထူးကဲလှသော စည်းရုံးရေးနှင့် ညီညွတ်မှု ရရှိခဲ့၏။ ကျောင်းသား များသာမက ဗမာပြည်သူလူထုအနေနှင့်လည်း နိုင်ငံရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်၊ လွတ်လပ်ရေး လိုချင်စိတ်၊ ဗြိတိသျှနယ်ချဲ့စနစ်အား အုံကြွတော်လှန်လိုစိတ်များ ရဲရဲတောက် ထွက် ပေါ်ဖွံ့ဖြိုး၍ လာခဲ့လေသည်။ နယ်ချဲ့ စနစ်၏ ကိုယ်စားလှယ်ဖြစ်သော ဗြိတိသျှအစိုးရ တို့၏ အာဏာတန်ခိုးကို ယခင်က ပြားပြားဝပ် ကြောက်ခဲ့ကြသလောက် (သပိတ် မှောက် ကျောင်းသားထု၏ စိတ်ဓာတ်ကြောင့်) အထင်သေးစိတ်၊ ရန်းကန်တွန်းလှန် လိုစိတ်များလည်း ဖြစ်ပေါ်လာခဲ့၏။

တစ်နည်းအားဖြင့် ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ကြီးက ဗမာတိုင်းရင်းသား

mgyoe.com

mgyoe.com


လူထုအား စည်းလုံးညီညွတ်မှုအင်အားနှင့် နိုင်ငံရေး အတွေးအခေါ်၊ နိုင်ငံရေး အသိပညာများကို လက်တွေ့ သင်ခန်းစာပေးခဲ့သည်ဟု ဆိုနိုင်ပေ၏။

ထိုတက္ကသိုလ်ကျောင်းသားသပိတ်အရေးတော်ပုံအကြောင်းကို အကျယ်ချဲ့ ရေးရလျှင် စာတစ်အုပ် ကျမ်းတစ်စောင် ဖြစ်နိုင်လောက်အောင်ပင် ရှည်လျားမည်ဖြစ်၍ ဤစာအုပ်ငယ်တွင် ဆက်လက် မဆွေးနွေးလိုတော့ပါ။

သို့သော် ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ကြီးမှ ဗမာနိုင်ငံအား တိုက်ရိုက်အမွေပေးခဲ့သော အကျိုးသက်ရောက်မှု တစ်ခုကိုကား ဖော်ပြရပါမည်။ အခြား မဟုတ်။ တိုးတက်သော နိုင်ငံရေးအတွေးအခေါ်သစ်တွေ လမ်းညွှန်ပေးရင်း သပိတ်အရေးတော်ပုံသည် ဗိုလ်ချုပ်အောင်ဆန်းမည်သော ရဲရဲတောက် ဗမာ့ခေါင်းဆောင်တစ်ဦးကို ပြည်သူလူထု အကျိုးအတွက် မွေးထုတ်ပေးခဲ့ခြင်းပင် ဖြစ်လေသည်။

ဗိုလ်ချုပ်မှာ ထိုအချိန်က တက္ကသိုလ်သမဂ္ဂအသင်း ကြွေးကြော်သံ (အိုးဝေ) မဂ္ဂဇင်း၏ တာဝန်ခံဖြစ်ကြောင်း၊ သူ့ကို ကောလိပ်မှ ထုတ်ပယ်ပစ်ခြင်းမှာလည်း သပိတ်မှောက် အရေးတော်ပုံကြီးကို တိုက်ရိုက်ဖြစ်ပေါ်စေခဲ့သည့် အကြောင်းတစ်ရပ်ဖြစ်ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးလေပြီ။

ထိုအချိန်အထိ တိုင်းပြည်တွင် မဆိုထားဘိ၊ ကောလိပ်ကျောင်းတွင်ပင် လူသိနည်းလှသော ကိုအောင်ဆန်းကို သပိတ်အရေးတော်ပုံကြောင့် လူသိများလာလေသည်။ ‘အောင်ဆန်း’ ဟူသော အမည်ကိုလည်း နေ့စဉ် သတင်းစာအသီးသီး၌ အရေးတယူ ရေးသားဖော်ပြလာကြသည်။ ဘယ်လိုလူပါလိမ့်ဟု သိလိုဇောဖြင့် သူ၏ ဓာတ်ပုံကို ကြည့်ချင်၊ မြင်ချင်လာကြတော့သည်။

သို့ရာတွင် ကာယကံရှင် ကိုအောင်ဆန်းကမူ ထင်ပေါ်ကျော်ကြားခြင်းကို တကယ်လည်း မလိုချင်၊ ကျော်ကြားအောင်လည်း ကြိုးစားတတ်သူ မဟုတ်ရကား သပိတ်ကာလအတွင်း ရွှေ့တန်းကမနေဘဲ ကိုနု၊ မစ္စတာရာရှစ်၊ ကိုအုံး စသော ခေါင်းဆောင်ကြီးများ၏ နောက်ကွယ်မှနေ၍ အကြံဉာဏ်ပေးခြင်း၊ ကြေညာချက်စာတမ်းတွေ ရေးသားခြင်း၊ ရုံးအလုပ်မှန်သမျှအားလုံး တာဝန်ယူလုပ်ခြင်း စသော အလုပ်များကိုသာ အပင်ပန်းခံကာ တကုပ်ကုပ် လုပ်ခဲ့လေသည်။

ဤလို ထင်ရှားကျော်ကြားမှုကို သူက ရှောင်ခဲ့လင့်ကစား သူ၏ လုပ်ရည်ကိုင်ရည်နှင့် အယူအဆ အတွေးအခေါ်တို့က အလွန်ပြတ်သား ပြောင်မြောက်ခဲ့သဖြင့် ကိုအောင်ဆန်း၏ အမည်မှာ အလိုအလျောက် ထင်ရှားပေါ်လွင်လာခဲ့သည်။

mgyoe.com

mgyoe.com


ဗိုလ်ချုပ်ကိုယ်တိုင်ကလည်း သုံးလတာမျှ ကြာခဲ့သော ကျောင်းသားသပိတ် အရေးတော်ပုံကိုကြည့်၍ သူ၏စိတ်တွင်းဝယ် ကျေနပ်နှစ်သိမ့်မှု တစ်ခုဖြင့် ပီတိ ဖြစ်ခဲ့၏။ သူ၏ ကျေနပ်မှုကား သပိတ်မှောက် ကျောင်းသားတို့၏ လိုလားချက်ရတာ မရတာ မဟုတ်။ သပိတ်လှုံ့ဆော်မှုကြောင့် ဗမာ့လူငယ်တွေနှင့် ပြည်သူလူထုက နိုးကြား တက်ကြွကာ နိုင်ငံရေးအသိတွေ ပြည့်စုံကြွယ်ဝလာခဲ့ကြခြင်းပင် ဖြစ်သည်။

ဤအခြေအနေမျိုးတွင် သူ တစ်သက်လုံး နက်နဲစွာ တွေးတောခဲ့သော အယူအဆ အမြင်သစ်တွေ၊ ဗမာ့လွတ်လပ်ရေးရယူရေးအတွက် လုပ်နည်းလုပ်ဟန်တွေကို စည်းလုံးညီညွတ်သော ဗမာပြည်သူလူထုကြီး ရှေ့မှောက်သို့ ချပြလျှင် ဖြစ်နိုင်ပြီဟူ၍လည်း ဗိုလ်ချုပ်၏စိတ်ဝယ် ထင်မြင်မိလာလေသည်။

စကားနည်းနည်းပြော၍ အလုပ်များများ လုပ်တတ်သော သူတစ်ယောက်ပီပီ သူသည် သပိတ်အတွင်း နီးစပ်ဆက်သွယ်မှုရထားသော ဗမာပြည်အရပ်ရပ်မှ ကျောင်းသားထုကို ဆက်လက်၍ ညီညွတ်စွာ စည်းရုံးရန် ကိုယ်တိုင် ကြိုးစားလေတော့သည်။ ထိုသို့ ကြိုးစားရာ၌ အခြား သပိတ်မှောက် ခေါင်းဆောင်များ ဖြစ်သော မစ္စတာရာရှစ်၊ ကိုလှဖေ (ဗိုလ်လက်ျာ)၊ ကိုသိန်းဖေ (တက်ဘုန်းကြီး) စသော လူငယ်တို့၏ အကူအညီလည်း များစွာရခဲ့လေသည်။

သို့နှင့်ပင် ၁၉၃၆ ခုနှစ် သပိတ်ကြီး ပြီးဆုံး၍ သပိတ်လှန်လိုက်သောအခါ၌ "ခေါင်းဆောင်မှု ညံ့ဖျင်းသည်။ ပြတ်သားမှုမရှိ။ သပိတ်ကြီး ရေတိမ်နစ်ခဲ့ပြီ" စသည်ဖြင့် အယူသီး ပြင်းထန်သော အစိတ်အပိုင်းမှ ပြစ်တင်ဝေဖန်ခဲ့သော်လည်း အဆိုပါ သပိတ်အရေးတော်ပုံကြောင့် ဗမာနိုင်ငံအဖို့ အဖိုးမဖြတ်နိုင်သော အမြတ်အစွန်း တစ်ခုတော့ ကျန်ရစ်လေသည်။

ထိုအမြတ်ကား ၁၉၃၆ ခုနှစ်တွင် ပထမအကြိမ် အောင်မြင်စွာ ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည့် 'ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအသင်း' ခေါ် တစ်ပြည်လုံးရှိ ကျောင်းသားထု အဖွဲ့အစည်းကြီးပင်တည်း။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအသင်းကြီးကို အခြေပြု၍ ဗမာလူထုတစ်ရပ်လုံးအား တော်လှန်မှန်ကန်သော ခေါင်းဆောင်မှုပေးရန် ဗိုလ်ချုပ်က ရည်ရွယ်မျှော်မှန်းခဲ့သည်။ မျှော်မှန်းခဲ့သည့်အတိုင်းလည်း နောက်ပိုင်းတွင် အောင်မြင်မှန်ကန်ခဲ့ကြောင်းကို ရာဇဝင်က ပြခဲ့ပြီ။

တော်လှန်ရေးသမားအစစ် ခေါင်းဆောင်ကောင်း ဗိုလ်ချုပ်အောင်ဆန်းကိုမူ

mgyoe.com

mgyoe.com


၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ကြီးက မွေးဖွားထုတ်လုပ်ပေးခဲ့သည် ဟူသော အချက်သည်ကား ဗိုလ်ချုပ်၏ ကိုယ်ရေးရာဇဝင် လေ့လာသူမှန်သမျှ မလွဲမသွေ မှတ်သားထားရမည့် အချက်တစ်ခုပင် ဖြစ်ပေသည်။

❐

mgyoe.com

mgyoe.com

## အခန်း (၇)
# ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကြီး

ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝမှာ ဗမာနိုင်ငံ၏ လွတ်လပ်ရေးသမိုင်းနှင့် ခွဲခွာ၍ မရအောင် ဆက်စပ်လျက်ရှိခြင်းကြောင့် ဗိုလ်ချုပ်ကို လေ့လာရာတွင်လည်း ဗမာ့ လွတ်လပ်ရေးသမိုင်းကို ချန်လှပ်ထား၍ မဖြစ်နိုင်ပေရာ။ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးဘဝဦးကို မွေးဖွားဖော်ထုတ်ပေးခဲ့သော ၁၉၃၆ ခုနှစ် တက္ကသိုလ် သပိတ်ကြီး ပြီးသည့်နောက်ပိုင်းတွင် ဖြစ်ပျက်ခဲ့သည့် ဗမာပြည် နိုင်ငံရေးလှုပ်ရှားမှုများကိုလည်း ဆက်လက်လေ့လာရန် လိုအပ်ပေသည်။

ဗိုလ်ချုပ်သည် သပိတ်ကိစ္စမှ ဆက်စပ်ဖြစ်ပေါ်လာသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ အသင်းကြီး၏ လုပ်ငန်းအရပ်ရပ်၌ အလွန်ပင် စိတ်ဝင်စားခဲ့ လေသည်။ ကျောင်းသားထုကို စည်းရုံးခြင်းဖြင့် ဗမာ့လူငယ်ထုကို စည်းရုံးနိုင်မည်။ လူငယ်တွေကို စည်းရုံးနိုင်လျှင် ဗမာ့လွတ်လပ်ရေးတိုက်ပွဲအတွက် နိုင်ငံရေးတွင် အလွန် အရေးပါသော အင်အားစုကြီးတစ်ခုကို အလိုလိုရနိုင်သည် ဟူ၍ သူ၏ စိတ်ဝယ် တထစ်ချ ယုံကြည်မိခဲ့လေသည်။

ထို့ကြောင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအသင်း၏ အောင်မြင် ရေးအတွက် ခရိုင်နယ်များသို့ ကိုယ်တိုင်ထွက်၍ စည်းရုံးလှုံ့ဆော်ခြင်း၊ ရန်ပုံငွေရှာဖွေ၍ ကောက်ခံခြင်း၊ လူထုတရားပွဲများ ကျင်းပဟောပြောခြင်း စသော စည်းရုံးမှုလုပ်ငန်း အရပ်ရပ်ကို ပင်ပန်းခံကာ အင်တိုက်အားတိုက် လုပ်ခဲ့လေသည်။ သူ၏ ကြိုးစားမှု

mgyoe.com

mgyoe.com


ကြောင့်လည်း ဗမာနိုင်ငံအနှံ့အပြားတွင် နယ်ကျောင်းသားသမဂ္ဂ အသင်းခွဲတွေ အမြောက်အမြား ဖြစ်မြောက်ပေါ်ထွက်လာခဲ့လေသည်။

ထို့ထက် ထူးခြားသည်ကား ဗိုလ်ချုပ်တို့လူစု ကြိုးပမ်းချက်ဖြင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ညီလာခံကြီးကို ပထမဆုံးအကြိမ် မန္တလေးမြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့၏။ ဗမာနိုင်ငံကျောင်းသားများသမဂ္ဂ၏ ပထမဆုံး အတွင်းရေးမှူးအဖြစ်လည်း ဗိုလ်ချုပ်အောင်ဆန်းကိုပင် ကျောင်းသားကိုယ်စားလှယ်ထုက ရွေးကောက်တင်မြှောက်ခဲ့ကြလေသည်။ (ပထမဥက္ကဋ္ဌမှာ မစ္စတာရာရှစ် ယခု ဝန်ကြီး ဦးရာရှစ် ဖြစ်လေသည်။)

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအသင်း၏ ဒုတိယနှစ် (၁၉၃၇–၁၉၃၈) တွင်မူ ဗိုလ်ချုပ်က ဥက္ကဋ္ဌ ဖြစ်လာသည်။ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားထု၏ ဒုတိယ ညီလာခံကြီးကိုလည်း ပုသိမ်မြို့တွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပ အောင်မြင်ခဲ့လေသည်။

ထိုအချိန်က ဗိုလ်ချုပ်မှာ ဘီအေအောင်ပြီး၍ ဘီအယ်လ်ဥပဒေတန်း၌ ပညာဆက်သင်လျက် ရှိသည်။ သို့သော် သူ၏ စိတ်များမှာ ကျောင်းသုံး ဥပဒေစာအုပ်များထဲတွင် မရှိ။ ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်၊ နိုင်ငံရေးစိတ်၊ လွတ်လပ်ရေးလိုချင်စိတ်တွေ ပွားများဖွံ့ဖြိုးလာအောင် လှုံ့ဆော်လမ်းပြပေးရန်သာ ဆန္ဒ ရှိနေသည်။

"ကျောင်းသားနှင့် နိုင်ငံရေး မသက်ဆိုင်" ဟူသော စကားကို ဗိုလ်ချုပ်က လက်မခံနိုင်။ နယ်ချဲ့သမားလက်အောက်က ကိုလိုနီပညာရေးစနစ်အတိုင်း သင်ကြားနေရသော ကျောင်းသားများ၏ ဘဝကို နိုင်ငံရေးနည်းဖြင့် ကျောင်းသားများကိုယ်တိုင် လွတ်မြောက်အောင် ဖန်တီးကြရမည်ဟု သူက စွဲမြဲစွာ ယုံကြည်ခဲ့သည်။

ဗိုလ်ချုပ်သည် သူ ယုံကြည်ချက်အတိုင်း ကျောင်းသားသမဂ္ဂလုပ်ငန်းများကို အာရုံစိုက်၍ အချိန်ပြည့် အလုပ်လုပ်ခဲ့ပြီး သူ၏ပညာ ဆက်လက်သင်ကြားရေးကို လျစ်လျူရှုခဲ့ခြင်းကြောင့် ဘီအယ်လ် ပထမနှစ် စာမေးပွဲကို ရှုံးခဲ့လေသည်။ သို့သော် သူ၏စိတ်တွင် နိုင်ငံရေး အတွေးအခေါ်တွေ ပြည့်လျှံနေပြီးဖြစ်၍ စာမေးပွဲ ရှုံးသည်ကို ဝမ်းမနည်း၊ ဂရုလည်း မစိုက်တော့ပေ။

တက္ကသိုလ်ကျောင်းသား သပိတ်ကြီးမှ အတွေ့အကြုံနှင့် ကျောင်းသားသမဂ္ဂ အသင်းကြီးကို ခေါင်းဆောင်မှုမှ ရအပ်သော အယူအဆ၊ အတွေးအခေါ်ကြောင့် သူ၏ စိတ်တွင် ဗမာ့လွတ်လပ်ရေးကို မရရအောင် တိုက်ယူရန်နှင့် နိုင်ငံရေးကို ကိုယ်ထိ

mgyoe.com

mgyoe.com


လက်ရောက် ဝင်ပြီး ဆောင်ရွက်လိုသော ဆန္ဒတွေသာ တဖွားဖွား ပေါ်ပေါက်လာခဲ့တော့သည်။

ထိုအချိန်၌ ဗမာပြည်ရှိ နိုင်ငံရေးပါတီများအနက် မျိုးချစ်စိတ် ထက်သန်သော လူငယ်တွေ ဦးစီးပြီး အတက်ကြွဆုံးပါတီ ဟူ၍ တို့ဗမာအစည်းအရုံး (သခင်ပါတီ) တစ်ခုသာ ရှိလေသည်။ တို့ဗမာအစည်းအရုံးမှာ ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်နှင့် မရှေးမနှောင်းပင် ပေါ်ပေါက်လာ၍ ၁၉၃၈ ခုနှစ်တွင်မူ သခင်ကိုယ်တော်မှိုင်း၊ သခင်မြ ခေါင်းဆောင်သော အပိုင်းနှင့် သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့ ဦးစီးသည့် အပိုင်း နှစ်ပိုင်းမှာ အချင်းချင်း စိတ်သဘောကွဲလွဲလျက် တို့ဗမာ အစည်းအရုံးကြီး နှစ်ခြမ်း ကွဲသွားလေသည်။

ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းကား သူ၏ ယူဆချက် အတွေး အခေါ်များနှင့် အနီးစပ်ဆုံးသော နိုင်ငံရေးပါတီကိုရှာရာတွင် တို့ဗမာအစည်းအရုံးကို သာ မြင်၏။ တစ်ဖန် သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့ အယူသီးမှုကိုလည်း မနှစ်ခြိုက် သဖြင့် နောက်ဆုံး သူသည် သခင်ကိုယ်တော်မှိုင်း၊ သခင်မြတို့ ဦးစီးသည့် မူလ တို့ဗမာအစည်းအရုံးကြီးသို့ ခြေစုံပစ်ဝင်လိုက်လေတော့ သည်။

ဤနည်းအားဖြင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၏ ဥက္ကဋ္ဌ ကိုအောင်ဆန်းသည် သူ၏ ရာထူးသက်တမ်းမစေ့မီပင် တို့ဗမာအစည်းအရုံးကြီး၏ ဌာနချုပ် အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်းဘဝသို့ ရောက်လာခဲ့သည်။

သူ၏နေရာဖြစ်သော ဗမာနိုင်ငံကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌနေရာကိုကား ထိုနှစ် တက္ကသိုလ်သမဂ္ဂ ဥက္ကဋ္ဌဖြစ်သူ ကိုဗဟိန်း (ယခု ကွယ်လွန်ရှာပြီ) ပင် ရွေးကောက် တင်မြှောက်ခြင်း ခံရလေသည်။

ထိုသို့ တို့ဗမာအစည်းအရုံးသို့ ဝင်ခဲ့ခြင်းမှာ သူ လုပ်ချင်သော နိုင်ငံရေးလုပ်ငန်း စဉ်များကို ထိရောက်စွာ လုပ်ကိုင်လို၍ လည်းကောင်း၊ စည်းရုံးရေးတွင် လျော့ရဲရဲ ဖြစ်နေသော ပါတီဖွဲ့စည်းပုံကို ပြုပြင်စည်းရုံးလို၍ လည်းကောင်း ဖြစ်လေရာ အထွေ ထွေ အတွင်းရေးမှူး ဖြစ်လာလာချင်း ဗိုလ်ချုပ်သည် စနစ်ကျပြီး မှုမှန်သော စည်းရုံးရေး လုပ်ငန်းများကို စတင်တော့၏။ ထိုအချိန်က သူနှင့် တစ်ပြိုင်တည်း နိုင်ငံရေးလုပ်ရင်း သခင်ဖြစ်လာသော သခင်နု၊ သခင်သိန်းဖေ၊ သခင်လှဖေတို့၏ အကူအညီ အကြံ ဉာဏ်ကို ရရှိခဲ့သည်။

၁၉၃၈ ခုနှစ်သည်ကား ၁၉၄၁ ခုနှစ် (ဒုတိယကမ္ဘာစစ်) ဟိုဘက်ပိုင်းမှာ

mgyoe.com

mgyoe.com


ဗမာ့သမိုင်းတွင် အလွန်အရေးကြီးလှသော နှစ်ပင် ဖြစ်လေသည်။ အကြောင်းမူကား ထိုနှစ်တွင် ဗမာနိုင်ငံတွင် မကြုံဖူးသော ပြည်သူလူထု စည်းရုံးမှုကြီးနှင့် ပြင်းထန်သော နိုင်ငံရေးစိတ်ဓာတ်ဖြင့် တစ်ခဲနက် အုံကြွလှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့ရာ "၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကြီး" ပေါ်ပေါက်ခဲ့သောကြောင့်ပင်တည်း။

ထိုနှစ်တွင် ဒုတိယဗမာ–မွတ်စလင် အဓိကရုဏ်းကြီး ဖြစ်ပွားခဲ့သည်။ ရန်ကုန်တက္ကသိုလ်အက်ဥပဒေ ပြင်ဆင်ရေး ဥပဒေကြမ်းကိုလည်း ဒေါက်တာဘမော်တို့ အစိုးရက လွှတ်တော်တွင် တင်သွင်း အတည်ပြုသောနှစ် ဖြစ်လေသည်။ ဗိုလ်ချုပ် တစ်ယောက် မရှိသော်လည်း တက္ကသိုလ်သမဂ္ဂ ခေါင်းဆောင် ကိုဗဟိန်း၊ ကိုလှရွှေ၊ ကိုသိန်းအောင်၊ ကိုလှမောင် (ယခု တရုတ်ပြည်ရောက် ဗမာသံအမတ်ကြီး) တို့မှာ ၁၉၃၆ ခုနှစ် သပိတ်က ချမှတ်ခဲ့သော လမ်းစဉ်အတိုင်း ပြတ်သားတင်းမာစွာ ဆောင်ရွက်ကြလေရာ ကျောင်းသားထု၏ စည်းရုံးမှုအင်အားကို တောင့်တင်းစွာ ရရှိခဲ့၏။ တို့ဗမာအစည်းအရုံး၏ တိုးတက်သော ခေါင်းဆောင်မှုကြောင့်လည်း ရေနံမြေ အလုပ်သမား၊ တောင်သူလယ်သမားများ ရပ်ကွက်တွင်လည်း စည်းလုံးညီညွတ်မှုရအောင် လှုံ့ဆော်ဖန်တီးနိုင်ခဲ့သည်။

နိုင်ငံရေးစကားဖြင့်ဆိုရသော် ထိုနှစ်တွင် ဗြိတိသျှနယ်ချဲ့သမားအား လူထုအုံကြွ တော်လှန်ရေးနည်းဖြင့် တိုက်ရန် အဆင်သင့် ရင့်ရော်မှည့်ဝင်းနေသော အခြေအနေမျိုးသို့ ရောက်နေခဲ့သည်ဟု ဆိုရပေမည်။

ထို့ကြောင့် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုဗဟိန်းနှင့် အထွေထွေ အတွင်းရေးမှူး ကိုဗဆွေတို့ မကွေးမြို့သို့ ကျောင်းသားကိစ္စဖြင့် သွားရောက်စဉ် အစိုးရက ဖမ်းဆီးချုပ်နှောင်လိုက်သည်မှ အစပြုပြီး ရန်ကုန်တက္ကသိုလ်နှင့်တကွ ဗမာတစ်ပြည်လုံးရှိ ကျောင်းများသို့ ကူးစက်ပျံ့နှံ့သွားခဲ့သော ဒုတိယအကြိမ် ကျောင်းသားသပိတ် အရေးတော်ပုံကြီး ဖြစ်ပေါ်လာလေတော့သည်။

ထိုစဉ်အခါက ဗမာပြည်တွင် ခေတ်မီစည်းရုံးမှုသဘော သက်ဝင်သော အလုပ်သမား အသင်းအဖွဲ့ဟူ၍ မရှိသေး။ ရေနံမြေအလုပ်သမားများသာလျှင် စိတ်ဓာတ်အတက်ကြွဆုံး ဖြစ်ခဲ့သည်။ ထို့ကြောင့် ရေနံမြေ သပိတ်မှောက် အလုပ်သမား တပ်ကြီးအလုံးအရင်းနှင့် ရန်ကုန်သို့ ချီတက်လာခြင်းကို နန်းရင်းဝန် ဒေါက်တာဘမော်၏ အစိုးရအဖွဲ့နှင့် ဗြိတိသျှဘုရင်ခံတို့ပါ မျက်လုံးမျက်ဆန်ပြူးပြီး တုန်လှုပ်ချောက်ချားခဲ့လေသည်။

mgyoe.com

mgyoe.com


ရန်ကုန်လမ်းတစ်လျှောက် အမြို့မြို့မှနေ၍ အလုပ်သမား တပ်ကြီးကို ပုလိပ်တို့က တားဆီးကြသေး၏။ သို့သော် စည်းကမ်းသေဝပ်စွာနှင့် လူထုအင်အားအရသာလျှင် ချီတက်လာခြင်းကြောင့် ပုလိပ်တို့၏ အစမ္မ တားမြစ်ခြင်းမှာ မအောင်မြင်ခဲ့ပေ။

ရေနံမြေ အလုပ်သမားတို့၏ အုံကြွလှုပ်ရှားမှုနှင့်တကွ သမဂ္ဂဥက္ကဋ္ဌ ကိုဗဟိန်း အတွင်းရေးမှူး ကိုဗဆွေတို့ ဖမ်းဆီးခံရခြင်းကြောင့် ဆူပူမကျေနပ်ဖြစ်နေသော ကျောင်းသားထု၏ အခြေအနေကို နိုင်ငံရေးအမြင်တွင် အလွန်တန်ဖိုးရှိသော အခြေအနေပင် ဖြစ်ကြောင်း သခင်အောင်ဆန်း အမှူးရှိသော လူငယ်နိုင်ငံရေး ခေါင်းဆောင်များက ကောင်းစွာ သဘောပေါက်ခဲ့ကြလေသည်။

ရေနံမြေ အလုပ်သမားတပ်ကြီး ရန်ကုန်မြို့သို့ ဆိုက်ရောက်လာချိန်တွင်ကား ရန်ကုန်တက္ကသိုလ်နှင့် ဗမာနိုင်ငံအရပ်ရပ်ရှိ ကျောင်းသားအားလုံး သပိတ်မှောက်နေကြပြီးလျှင် တစ်တိုင်းပြည်လုံး နိုင်ငံရေး ကြွေးကြော်သံတွေ နယ်ချဲ့ဆန့်ကျင်ရေး ဟစ်အော်သံတွေ ဆူညံလျက် ရှိနေပေပြီ။

ဗိုလ်ချုပ်အောင်ဆန်းမှာ ထိုအချိန်က ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ မဟုတ်တော့ဘဲ တို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းသာ ဖြစ်နေရာ ရန်ကုန်တက္ကသိုလ်နှင့်ဆိုလျှင် တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ ကော်မတီလူကြီး* တစ်ဦး အဖြစ်သာ တိုက်ရိုက်ဆက်သွယ်မှု ရှိနေတော့၏။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းကား ကျောင်းသားလူထုကြားထဲမှ ပေါ်ထွက်လာသော ကျောင်းသားခေါင်းဆောင်တစ်ဦးပီပီ တို့ဗမာအစည်းအရုံး၏ နိုင်ငံရေး လုပ်ငန်းတွေ လုပ်နေသည့်ကြားက တက္ကသိုလ်နှင့် ကျောင်းသားသမဂ္ဂကို သံယောဇဉ် မပြတ်နိုင်ပေ။ ထို့ကြောင့် အားလပ်ချိန်ရတိုင်း တက္ကသိုလ်သမဂ္ဂခေါင်းဆောင်များနှင့် အတူ ရင်းနှီးစွာ ဆွေးနွေးခြင်း၊ အကူအညီ အကြံဉာဏ်ပေးခြင်း စသဖြင့် တိုက်ရိုက် အားပေးခဲ့လေသည်။

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကြီးတွင် ဗိုလ်ချုပ်သည် ကျောင်းသားခေါင်းဆောင် ကိုဗဟိန်း၊ ကိုလှရွှေ၊ ကိုဗဆွေတို့လောက် နာမည်မထင်ပေါ်ခဲ့စေကာမူ စတင် သပိတ်မှောက်သည့် ကိစ္စ၊ ရေနံမြေ အလုပ်သမားတပ်ကြီး ချီတက်ရေး ကိစ္စ၊ ကျောင်းသား

* ၁၉၃၆ ခုနှစ် သပိတ်မှောက်ကိစ္စပြီးသည့် နောက်ပိုင်းတွင် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့၌ ကျောင်းသားကိုယ်စားလှယ် တစ်ဦးကို ကော်မတီလူကြီးအဖြစ် ပါဝင်ခွင့်ရလေရာ တက္ကသိုလ် သမဂ္ဂမှ ကျောင်းသားထု ကိုယ်စား ဗိုလ်ချုပ်ကိုပင် ရွေးကောက် တင်မြှောက်ခဲ့သည်။

mgyoe.com

mgyoe.com


ဗိုလ်အောင်ကျော် ကျဆုံးပြီး သပိတ်မှောက် ကျောင်းသားတွေ အစာငတ်ခံသည့် ကိစ္စ၊ အာ၊ အီး၊ တီ ဘတ်စ်ကား အလုပ်သမားများ သပိတ်မှောက်သည့် ကိစ္စတွေအားလုံး၌ လှုပ်ရှားမှု၏ နောက်ပိုင်းမှ တိုက်ရိုက်အကြံဉာဏ်ပေး အစီအစဉ်များ ပြုလုပ်ပေးခဲ့လေသည်။

ထိုအရေးတော်ပုံနှစ်က အဖြစ်အပျက် အကြောင်းခြင်းရာတွေကို စုံလင်အောင် ဖော်ပြနေမည်ဆိုလျှင် ကျယ်အံ့စိုး၍ ဤမျှနှင့်ပင် တော်လိုက်ရပါတော့သည်။

သို့သော် ဗမာတစ်နိုင်ငံလုံး ကြိမ်မီးအုံးသလို ဆူပူအုံ့ကြွကာ ပြည်သူလူထုကြီး၏ စည်းလုံးညီညွတ်မှုကို မကြုံဖူးအောင် ရရှိခဲ့သော ၁၃၀၀ ပြည့် အရေးတော်ပုံကြီး၏ ထင်ရှားသည့် အကျိုးသက်ရောက်မှု တစ်ခုကား ဒေါက်တာဘမော် ခေါင်းဆောင်သော ညွန့်ပေါင်းအစိုးရအဖွဲ့ မရှူမလှ ပြုတ်ကျခဲ့ခြင်းပင် ဖြစ်ပါသတည်း။

❒

mgyoe.com

mgyoe.com

# အခန်း (၈)
# စစ်ကြိုခေတ်

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကြီး ပြီးဆုံးသော ၁၉၃၉ ခုနှစ်နှင့် ဒုတိယကမ္ဘာစစ်ကြီး အရှေ့အာရှတစ်ခွင်သို့ ကူးစက်ဖြစ်ပွားလာသော အချိန်ကာလကို 'စစ်ကြိုခေတ်' ဟူ၍ပင် ခေါ်ဝေါ်မှတ်သားသင့်ပါသည်။ အကြောင်းမူကား ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကြီးကြောင့် နိုင်ငံရေးအသိတရားတွေ နိုးကြားတက်ကြွလာသော ဗမာလူထုသည် ဒုတိယကမ္ဘာစစ်မီးပွား ဥရောပတိုက်တွင် စတင်တောက်လောင်သောအချိန် (၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်) မှ စပြီး နိုင်ငံတကာ စစ်မက်ရေးရာအခြေအနေကို အကြောင်းပြု၍ ဗမာ့လွတ်လပ်ရေးကို အရတိုက်ယူရန် ကြံစည်ကြိုးပမ်းခဲ့ကြပုံမှာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် အကောင်အထည် ဖြစ်လာသည့် ဒုတိယကမ္ဘာစစ်ကြီးကို မျှော်မှန်းကြိုဆိုဘိသကဲ့သို့ ရှိသောကြောင့်ပင်တည်း။

ဤအချိန်ကာလသည်ပင်လျှင် တက္ကသိုလ်ကျောင်းသားဘဝမှ သခင်ဖြစ်လာသော ကိုအောင်ဆန်းကို ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာအောင် ဖန်တီးပေးမည့် အဖြစ်အပျက်များ၏ အစပျိုးရာ ပဏာမခန်းပင် ဖြစ်သည်ဟု ဆိုနိုင်ပေတော့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်စဉ် ထူးခြားသော သူ၏ ကြိုးပမ်းအောင်မြင်မှုတစ်ရပ်ကား ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကြီးအပြီး ကျင်းပခဲ့သော မော်လမြိုင် သခင်ညီလာခံကြီးပင် ဖြစ်သည်။

mgyoe.com

mgyoe.com


တို့ဗမာအစည်းအရုံးကြီး သက်တမ်းသမိုင်းတစ်လျှောက် ကျင်းပခဲ့သည့် ညီလာခံများအနက် မော်လမြိုင် ညီလာခံကြီးမှာ အကြီးကျယ်ဆုံးနှင့် အပြောင်မြောက်ဆုံးပင် ဖြစ်ခဲ့သည်။ နိုင်ငံရေးစိတ်ဓာတ်တွေ တက်ကြွနေသော ပြည်သူလူထုကြီးအနေနှင့်လည်း မော်လမြိုင် ညီလာခံကြီးကို စိတ်ဝင်စားစွာ အာရုံစိုက်ခဲ့ကြသည်။

ထိုမော်လမြိုင် ညီလာခံကြီး အောင်မြင်ထမြောက်ခဲ့သည်မှာ အတွင်းရေးမှူး သခင်အောင်ဆန်း၏ လုံ့လဝီရိယ၊ ဖွဲ့သတ္တိ၊ ကြိုတင်ပြင်ဆင်မှုနှင့် စည်းရုံးမှု အရည်အချင်းတို့ကြောင့်ဟုဆိုက မှားမည် မဟုတ်ပေ။

အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ ပြီးဆုံးသော ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီး၏ မီးပွားသည် ဥရောပ၌ စတင်တောက်လောင်ခဲ့လေရာ ယင်းသို့အနောက်နိုင်ငံမှ အရင်းရှင်နယ်ချဲ့သမား အချင်းချင်း ပဋိပက္ခဖြစ်နေသော နိုင်ငံတကာရေးရာ အခြေအနေကို အကြောင်းပြု ချက်ကောင်းယူကာ ဗမာနိုင်ငံ၏ လွတ်လပ်ရေး အောင်မြင်ရရှိအောင် ဖန်တီးရန် အခါအခွင့်ကောင်းဖြင့် ရရှိပေပြီဟု သခင်အောင်ဆန်းနှင့်တကွ ဗမာ လူငယ် နိုင်ငံရေး ခေါင်းဆောင်များက ထင်မြင်ယူဆမိကြလေသည်။

၁၃၀၀ ပြည့် အရေးတော်ပုံအပြီးတွင် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရအဖွဲ့၏ ခေါင်းဆောင်ဖြစ်လာသော်လည်း ကြာရှည်မခံဘဲ ဦးပုအစိုးရအဖွဲ့၏ သစ်တောရေးဝန်ကြီးဖြစ်သူ ဂဠုန်ဦးစောက တစ်ဖန် ဦးပုအစိုးရအား အယုံအကြည်မရှိ အဆိုတင်သွင်းဖြုတ်ချပြီး ဦးစောကိုယ်တိုင် နန်းရင်းဝန်လုပ်၍ အစိုးရအဖွဲ့ တက်ဖွဲ့လေသည်။

ထို့ကြောင့် ဗိုလ်ချုပ်တို့လူစု လွတ်လပ်ရေးအတွက် သဲသဲမဲမဲ ကြိုးပမ်းအားထုတ်နေသော 'စစ်ကြိုခေတ်' ကာလအတွင်း ဗမာပြည်၏ နန်းရင်းဝန်မှာ ဂဠုန်ဦးစောဖြစ်ခဲ့လေသည်။ အရင်းရှင်ပေါက်စ မြေပိုင်ရှင် လူလတ်တန်းစားတို့ အများဆုံး ပါဝင်သည့် ဦးစော၏ မျိုးချစ်ပါတီမှာလည်း ဗမာပြည်တွင် တန်ခိုးအာဏာ လွှမ်းမိုးနေတော့သည်။

ကမ္ဘာ့စစ်မက်ကြီး အခြေအနေနှင့် နိုင်ငံတကာရေးရာ အခြေအနေတို့အရ ဗမာ့လွတ်လပ်ရေးအတွက် အလုပ်တစ်ခု ထိထိရောက်ရောက် လုပ်ကြတော့မှ တော်မည်ဟု ယူဆမိသော ဗမာနိုင်ငံရေးသမားများက ဦးစောအစိုးရလက်ထက်တွင်ပင် (All Burma Freedom Bloc) ခေါ် 'ဗမာ့ထွက်ရပ်ဂိုဏ်းကြီး' ကို ဖွဲ့စည်းတည်ထောင်လိုက်ကြလေသည်။ (၁၉၄၀ ပြည့်နှစ်)။

mgyoe.com

mgyoe.com


ထွက်ရပ်ဂိုဏ်းကြီးတွင် လူကြီးပိုင်းက ဒေါက်တာဘမော်၊ ဒေါက်တာသိန်းမောင် (ယခု ကွယ်လွန်ရှာပြီ) ၎င်းတို့၏ ပါတီဝင် နောက်လိုက်များနှင့် သခင် ကိုယ်တော်မှိုင်း၊ သခင်မြ၊ သခင်အောင်ဆန်းတို့ ပါဝင်သော တို့ဗမာအစည်းအရုံးတို့က ဦးစီး ခေါင်းဆောင်ခဲ့၏။ ထွက်ရပ်ဂိုဏ်း၏ ဝါဒနှင့် လုပ်ငန်းစဉ်များကိုမူ တို့ဗမာ အစည်းအရုံး လက်အောက်ခံ လူထုအသင်းအဖွဲ့များ၊ သမဂ္ဂအသင်းများ စသော လူထုအဖွဲ့အစည်း မြောက်မြားစွာတို့က ထောက်ခံသဘောတူကြသဖြင့် နိုင်ငံရေးသဘောအရ ဗမာ့ထွက်ရပ်ဂိုဏ်းမှာ သိုက်မြိုက်ပြောင်မြောက်ခဲ့လေသည်။

ထိုဗမာ့ထွက်ရပ်ဂိုဏ်းကြီးတွင် သခင်အောင်ဆန်းပင် အထွေထွေ အတွင်းရေးမှူး ဖြစ်လာလေသည်။

ဥရောပစစ်ပွဲတွင် ဗြိတိန်ပြည်က ဒီမိုကရေစီ လွတ်လပ်ရေးအတွက် တိုက်နေရပါသည်ဟု ကြွေးကြော်သည့်အတိုင်း ဗမာ့ထွက်ရပ်ဂိုဏ်းကလည်း လွတ်လပ်ရေးနှင့် ဒီမိုကရေစီ တည်မြဲရရှိရေးကို ရှေးရှုပါသည်ဟု ကြေညာခဲ့လေသည်။ ဗြိတိသျှတို့က ဥရောပစစ်ပွဲတွင် ဗမာနိုင်ငံ၏ ထောက်ခံကူညီမှုကို လိုလားနေရာ ဗမာ့ထွက်ရပ်ဂိုဏ်းခေါင်းဆောင်များက ဗြိတိန်၏စစ်မက်အင်အားကို ကူပါမည်။ သို့သော် ဗမာ့လွတ်လပ်ရေးကို ပေးမည်ဟု ကတိပေးပါ။ ဗမာပြည်၏ ဖွဲ့စည်းအုပ်ချုပ်ပုံကို ရေးဆွဲမည့် တိုင်းပြည်ပြုလွှတ်တော်တစ်ရပ်ကိုလည်း ခေါ်ပေးပါဟု တောင်းဆိုကြလေသည်။

ဗြိတိသျှအစိုးရကား ဗမာပြည်သူလူထုကိုယ်စား တောင်းဆိုသော ထွက်ရပ်ဂိုဏ်း၏ ကြွေးကြော်သံများကို ဂရုမစိုက် လျစ်လျူရှု၍သာ နေခဲ့လေသည်။ ထို့ကြောင့် ဥရောပတိုက်၌ နယ်ချဲ့သမားအချင်းချင်း အဝေမတည့်၍ ဗိုလ်လုသော စစ်ပွဲကို ဗမာလူထုအနေနှင့် စိတ်ဝင်စားဖွယ်မရှိဟု ယူဆကာ ဗိုလ်ချုပ်အောင်ဆန်းက နယ်ချဲ့စနစ်နှင့် နယ်ချဲ့စစ် ဆန့်ကျင်ရေး လှုံ့ဆော်မှုများကို အပြင်းအထန် ကြိုးစား၍ လုပ်ခဲ့ကြလေသည်။

၁၉၄၀ ပြည့်နှစ်မှာပင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်၍ သခင်သန်းထွန်း၊ ကိုဗဟိန်းတို့ ပါဝင်သော သခင်ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့သည် အိန္ဒိယပြည် ရမ်ဂါမြို့၌ ကျင်းပသော အိန္ဒိယအမျိုးသား ကွန်ဂရက်ညီလာခံကြီးသို့ တက်ရောက်ခဲ့လေသည်။ ဗိုလ်ချုပ်တို့လူစုမှာ ထိုစဉ်အခါကပင် အိန္ဒိယခေါင်းဆောင်ကြီး နေရူးနှင့် အမျိုးသားကွန်ဂရက်အဖွဲ့ကြီး၏ နယ်ချဲ့ဆန့်ကျင်ရေး လုပ်ငန်းစဉ်များကို များစွာ လေးစားသဘောကျခဲ့ကြလေသည်။

mgyoe.com

mgyoe.com


ဗိုလ်ချုပ်တို့ အိန္ဒိယပြည်မှ ပြန်လာပြီးနောက် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားပြင်းထန်လာလေသည်။ ဗြိတိသျှအစိုးရကလည်း လူထုလှုပ်ရှား အုံကြွမှုများကို နှိမ်နင်းချေမှုန်းရန်အတွက် လူမှုအခွင့်အရေးတွေကို ပိတ်ပင်သော ဗမာပြည် ကာကွယ်ရေးတစ်ချက်လွှတ်ဥပဒေ (Defence of Burma Ordinance) ကို ထုတ်ပြန်လိုက်လေသည်။

ဤအခြေအနေမျိုးတွင် သခင်အောင်ဆန်းတို့ လူငယ်သိုက်မှာ နယ်ချဲ့သမားခြေလှမ်းကို တစ်ဖက်ကြည့်ရင်း ဗမာ့လွတ်လပ်ရေး မရရအောင် ယူရေး ပြဿနာ၏အဖြေကို အပြင်းအထန် ရှာဖွေနေခဲ့ကြရလေသည်။

ဗြိတိသျှအစိုးရအနေနှင့် ဥရောပစစ်ပွဲနှင့် ဗမာပြည် လုံခြုံရေးကို အကြောင်းပြုကာ အမျိုးသားလှုပ်ရှားမှုဟူသမျှကို နှိမ်နင်းရန် ဟန်တပြင်ပြင် ရှိနေလေပြီ။ ဗိုလ်ချုပ်အောင်ဆန်း အစရှိသော ဗမာလူငယ်နိုင်ငံရေးသမားများနှင့် ဗမာ့ထွက်ရပ်ဂိုဏ်းလိုတက်ကြွသော နိုင်ငံရေး အဖွဲ့အစည်းတိုင်း လုပ်ငန်းစဉ်နှင့် လွတ်လပ်စွာ စည်းရုံးမှုလွတ်လပ်စွာ ရေးသားပြောဆိုမှုတို့ကိုလည်း တစ်စတစ်စ ဖိနှိပ်ချုပ်ချယ်လာလေတော့သည်။

မကြာမီ တို့ဗမာအစည်းအရုံးမှ အရေးပါသော သခင်ခေါင်းဆောင်ဟူသမျှကိုလည်း နိုင်ငံရေးပုဒ်မဖြင့် ဖမ်းဆီးကာ ထောင်သွင်း အကျဉ်းချထားလိုက်ပြန်လေသည်။

သခင်အောင်ဆန်းကိုလည်း ဟင်္သာတခရိုင် ဇလွန်မြို့ သခင်ညီလာခံမှအပြန် ဒေါင့်ကြီးရွာ တို့ဗမာအစည်းအရုံးက ကျင်းပသော တရားပွဲတစ်ခု၌ အစိုးရကတားမြစ်ထားသည့် တောင်တန်းဒေသ (ချင်းတောင်နယ်) အကြောင်း ဟောပြောသည်ဟု ဆိုကာ ဖမ်းဆီးရန် ဝရမ်းထုတ်လိုက်လေသည်။ သို့သော် မျိုးချစ်စိတ်ရှိသော ဗမာပုလိပ်အရာရှိတစ်ဦး၏ အကူအညီဖြင့် လျှို့ဝှက်စွာ ကိုယ်ရောင်ဖျောက် ထွက်ခွာသွားကြပြန်သောအခါ ဟင်္သာတခရိုင် ရာဇဝတ်ဝန် မစ္စတာဖေဗီယားက သခင်အောင်ဆန်းအား မိအောင် ဖမ်းပေးနိုင်သူ သို့မဟုတ် သတင်းပေးနိုင်သူအား ဆုငွေ ၅ ကျပ်ပေးမည်ဟု သရော်လှောင်ပြောင်သလိုလိုနှင့် ကြေညာခဲ့လေသည်။

ဗြိတိသျှအစိုးရ၏ စုံထောက်ပုလိပ်တွေ ခြေချင်းလိမ်နေသည့်ကြားက ရန်ကုန်ရောက်အောင် ကြံဖန်ပြန်လာခဲ့ရသော သခင်အောင်ဆန်းကား ထင်ထင်ပေါ်ပေါ်နေ၍မဖြစ်တော့သဖြင့် ပုန်းလျှိုးဝှက်လျှိုး နေထိုင်သွားလာနေရလေသည်။ နိုင်ငံရေးအခြေ

mgyoe.com

mgyoe.com


အနေကလည်း ပိုမိုလှုပ်ရှားပြင်းထန်လာပြီဖြစ်ရာ ဗမာ့လွတ်လပ်ရေးကို မရရ အောင် ယူမည်ဟု စိတ်ပိုင်းဖြတ်ထားကြသော နိုင်ငံရေးခေါင်းဆောင် တစ်စုမှာ ရှေ့ ခြေလှမ်း အတွက် အပြင်းအထန် ကြိုးစားပြင်ဆင်ကြရလေတော့သည်။

အားလုံး သဘောတူလက်ခံသည့် အချက်ကား ဗမာတွေ လွတ်လပ်ရေး လိုချင် ကြခြင်းမှာ တရားသဖြင့် ရသင့်ရထိုက်သော လိုလားချက်တစ်ခု ဖြစ်ကြောင်းကို ဗမာပြည် ပြင်ပ နိုင်ငံခြားသို့တိုင်အောင် သတင်းဝါဒဖြန့်ချိမှုရရှိရန်နှင့် နိုင်ငံခြား အကူအညီတစ်ခုခုရမည်ဆိုလျှင် လက်ခံကြရန် ဟူသော အချက်ပင်တည်း။

သို့သော် ဘယ်ပုံဘယ်နည်းနှင့် မည်သည့်နိုင်ငံခြား အကူအညီကို တောင်းယူ ရရှိကြမည် ဟူသော ပြဿနာ၏ အဖြေကိုကား မည်သူမှ တိကျစွာ မပေးနိုင်ပေ။

ထိုအတောအတွင်း၌ မမျှော်လင့်ဘဲ ထွက်ရပ်ဂိုဏ်း ခေါင်းဆောင် ဒေါက်တာ ဘမော်နှင့် ဒေါက်တာသိန်းမောင်တို့ထံမှ ကြားသိရသော သတင်းစကားတစ်ခုက သခင်အောင်ဆန်း၏ ဘဝကို လည်းကောင်း၊ ဗမာ့လွတ်လပ်ရေးတိုက်ပွဲ၏ သမိုင်းကို လည်းကောင်း တစ်မျိုးတစ်ဖုံ ပြောင်းလဲဖြစ်ပေါ်အောင် ဖန်တီးလိုက်ခဲ့ပြန်ပါသတည်း။

❐

mgyoe.com

mgyoe.com

## အခန်း (၉)
## အကောင်အထည်ဖြစ်လာသော အိပ်မက်

ဒေါက်တာဘမော်နှင့် ဒေါက်တာသိန်းမောင်တို့ထံမှ ကြားသိရသော သတင်းကား ဗမာပြည်လွတ်လပ်ရေး ကြိုးပမ်းမှုအတွက် နိုင်ငံခြားအကူအညီ ရနိုင်သည်။ အထူးသဖြင့် ဂျပန်တို့ထံမှ အကူအညီယူမည်ဆိုက ရနိုင်သည် ဟူသော စကားကမ်းလှမ်းချက်ပင် ဖြစ်လေသည်။

ဤတွင် သခင်အောင်ဆန်းနှင့်တကွ အခြားလူငယ်နိုင်ငံရေး ခေါင်းဆောင်များသည် လေးလေးနက်နက် စဉ်းစားဆင်ခြင်ကြရလေတော့သည်။ အင်အားကြီးသော ဗြိတိသျှတို့ထံမှ အင်အားမရှိသော မျိုးချစ်လူငယ်တစ်စုက လွတ်လပ်ရေးရအောင် ယူရန်အတွက် ပြင်ပအကူအညီတော့ လိုသည်။ နိုင်ငံခြား အကူအညီရလျှင် ဗမာလူထု၏ လွတ်လပ်ရေးကြွေးကြော်သံကို ကမ္ဘာက ကြားသိနိုင်မည်။ အခြားလိုနေသော အကူအညီများလည်း ရနိုင်မည်။ သို့သော် မည်သည့်နိုင်ငံခြားအကူအညီကို ယူကြမည်နည်း။

ဗမာပြည်နှင့် အနီးစပ်ဆုံး နိုင်ငံများမှာကား တရုတ်ပြည်၊ ယိုးဒယားပြည်တို့သာ ဖြစ်နေသည်။

အထက်ပါ အချက်အလက်များကို ဆွေးနွေးဆင်ခြင်ပြီးနောက် မူလက လျှို့ဝှက်စွာ အဆက်အသွယ်ရှိပြီးဖြစ်သော တရုတ်ပြည်သို့သွားကြရန် သဘောတူဆုံးဖြတ်လိုက်ကြလေသည်။ သို့သော် တရုတ်–ဂျပန် စစ်မက်အရေးကြောင့် တရုတ်–ဗမာ မော်တော်ကားလမ်းမကြီးကို ၁၉၄၀ ပြည့်နှစ်ကပင် ပိတ်ထားလိုက်ပြီဖြစ်၍ တရုတ်ပြည်သို့ တိတ်တဆိတ် သွားရောက်ရေးမှာ ခက်ခဲနေပြန်သည်။

mgyoe.com

mgyoe.com


သခင်အောင်ဆန်း တစ်ယောက်တည်းအနေနှင့်မူ နိုင်ငံခြား အကူအညီကို ဝါဒဖြန့်ချိမှုရရှိရန်အတွက်လောက်သာ ယူချင်ပြီး လုံးဝ အားကိုးခြင်း မပြုလိုချေ။ သူ့အမြင်တွင် ဗမာ့လွတ်လပ်ရေးအတွက် တကယ့်လုပ်ငန်းတွေမှာ နိုင်ငံခြားတွင် မဟုတ်ဘဲ ဗမာပြည်တွင်းမှာသာ ရှိသည်ဟု ယူဆမိသည်။ ဗမာပြည်သူလူထုကြီးကို နိုင်ငံရေးသဘောဖြင့် စည်းလုံးညီညွတ်အောင် အပြင်းအထန် လှုံ့ဆော်စည်းရုံးပေးခြင်း၊ လူတန်းစားအားလုံး အုံကြွကာ သပိတ်မှောက်ခြင်းကဲ့သို့ လှုပ်ရှားမှုတွေ ဆက်တိုက် ဖန်တီးပေးခြင်း၊ နောက်ဆုံး ဗြိတိသျှအစိုးရ အုပ်ချုပ်ရေး စက်ယန္တရားကြီး မလည်နိုင်ဘဲ ရပ်တန့်သွားအောင် ပြုလုပ်ပြီးမှ နိုင်ငံရေးအာဏာကို သိမ်းယူရန် သခင်အောင်ဆန်းက လုပ်ငန်းစဉ် စီမံကိန်းအဖြစ် ရေးဆွဲခဲ့လေသည်။

သို့ရာတွင် သခင်အောင်ဆန်း၏ အကြံပေးချက် တင်ပြချက်များကို အခြားလုပ်ဖော်ကိုင်ဖက် နိုင်ငံရေးသမားတွေက များစွာ သဘောမကျလှကြပေ။

> "ကျွန်ုပ်အပါအဝင် လူငယ်နိုင်ငံရေးသမား တစ်စုမှာ မိမိတို့၏ အရင်းရှင်ပေါက်စ လူလတ်တန်းစားဉာဉ်နှင့် အတွေးအခေါ် ညံ့ဖျင်းမှုကြောင့် ပြဿနာတစ်ခုကို ပြတ်ပြတ်သားသား မမြင်ခြင်း၊ အပြောသန်သလောက် အလုပ်ကျတော့ နှေးကွေးခြင်း၊ ပြည်လူလူထုကြီးနှင့် လူထုစည်းရုံးမှုအင်အားအပေါ် ယုံကြည်အားကိုးစိတ် ကင်းမဲ့ခြင်း စသော တွေဝေမှုများ ထိုအချိန်က ဖြစ်ခဲ့ကြလေသည်"

ဟူ၍ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ၁၉၄၅ ခုနှစ်က ပြန်လည်သုံးသပ်ဝေဖန်ခဲ့ဖူးလေသည်။

မည်သို့ပင်ဖြစ်စေ လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲရန်အတွက် လက်နက်ခဲယမ်းလိုသည်။ လက်နက်ခဲယမ်းရအောင် လက်ကမ်းလာသည့် နိုင်ငံခြား အကူအညီကိုပဲ ယူကြရတော့မည်ဟု ဆုံးဖြတ်ကာ ဒေါက်တာဘမော်မှတစ်ဆင့် ဆက်သွယ်လာသော ဂျပန်အကူအညီကို လက်ခံလိုက်ကြလေတော့သည်။

စင်စစ် ထိုအချိန်က ဂျပန်တို့သည် ဗမာပြည်ရှိ ဗြိတိသျှဆန့်ကျင်ရေးအင်အားဖြစ်သော သခင်အောင်ဆန်းတို့အား စကားကမ်းလှမ်းရလင့်ကစား ပထမတွင် တို့ဗမာအစည်းအရုံးမှ သခင်များကို ကွန်မြူနစ်အစစ်တွေဟုယူဆကာ သံသယ ဖြစ်လာပြန်သဖြင့် သခင်တွေပါသော နိုင်ငံရေးအုပ်စုကို လက်ကမ်းရန် ဆုတ်ဆိုင်းနှေးကွေးနေပြန်လေသည်။

mgyoe.com

mgyoe.com


သခင်အောင်ဆန်းအဖို့ကား ဂျပန်တွေ နောက်ထပ်လာသည်အထိ မစောင့်ဆိုင်းတော့ဘဲ ဖြစ်သလို ကြံစည်ပြီး ပင်လယ်ခရီးဖြင့် တရုတ်ပြည် အမွိုင်မြို့သို့ တိတ်တဆိတ် ထွက်ခွာခဲ့လေတော့သည်။ အမွိုင်မြို့မှတစ်ဆင့် တရုတ်ပြည်မကြီးအတွင်းသို့ ကြံဖန်ဝင်ရောက်ရန် စိတ်ကူးလည်း ရှိခဲ့သည်။

သခင်အောင်ဆန်း တရုတ်ပြည် အမွိုင်မြို့သို့ ဆိုက်ရောက်သောနေ့ကား ၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၂၄ ရက်နေ့ ဖြစ်လေသည်။

ဗြိတိသျှအစိုးရ၏ စုံထောက်နှင့် ပုလိပ်အဖွဲ့ကား သူတို့၏ မျက်စိအောက်မှ ပျောက်သွားသော သခင်အောင်ဆန်း မျက်ခြည်ပြတ်ကာ မည်သို့မည်ပုံ ဗမာပြည်ပြင်ပသို့ ရောက်သွားကြောင်း မသိလိုက်ကြပေ။

ထိုအတောအတွင်း ရန်ကုန်မြို့ရှိ ဗမာတော်လှန်ရေး ရဲဘော်များက ဂျပန် ကိုယ်စားလှယ်များနှင့် လျှို့ဝှက်စွာ ပြန်လည်ဆက်သွယ်မိသဖြင့် သခင်အောင်ဆန်း အား အမွိုင်မှ ဂျပန်ပြည်သို့ရောက်အောင် ဆက်လက် ခရီးသွားရေး အတွက် စီစဉ်ကြရ ပြန်သည်။ မကြာမီ အမွိုင်မြို့တွင် ယောင်လည်လည် ဖြစ်နေသော သခင်အောင်ဆန်း အား ဂျပန်စစ်ဘက်အရာရှိတစ်ဦးက လာရောက်ရှာဖွေ၍ စီစဉ်ပေးချက်ကြောင့် ၁၉၄၀ ပြည့်နှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်သည် ဂျပန်ပြည် တိုကျိုမြို့သို့ ပထမဆုံး အကြိမ် ရောက်သွားပါတော့သည်။

ဂျပန်ပြည်တွင် ဗိုလ်ချုပ်တို့ တွေ့ဆုံဆက်သွယ်ရသော ကာနယ်ဆူဇူကီး (နောက်တော့ ဗိုလ်မိုးကြိုး ဖြစ်လာသည်။) နှင့်တကွ အခြားဂျပန်များမှာ အလွန် ဖော်ရွေ ရည်မွန်စွာ ဆက်ဆံကြလင့်ကစား ဗိုလ်ချုပ်၏ စိတ်ထဲတွင် ဂျပန်တွေအပေါ် မယုံကြည်စိတ်၊ သံသယစိတ်များကို ကနဦးအခါကပင် ဖြစ်ပေါ်ခဲ့ပေသည်။

ဗိုလ်ချုပ်တို့ တိုကျိုသို့ ရောက်နေချိန်၌ ဂျပန်အင်ပါယာကြီး၏ နှစ်ပေါင်း ၂၆၀၀ မြောက် အောင်ပွဲအထိမ်းအမှတ်ပွဲများ ကြီးကျယ်ခမ်းနားစွာ ကျင်းပလျက်ရှိရာ ထောင်ပေါင်းများစွာသော ဂျပန်လူမျိုး၊ ယောက်ျား၊ မိန်းမ၊ ကလေးသူငယ်တို့က ဂျပန်ဘုရင်၏ အင်ပီးရီးရဲ နန်းတော်ဆီသို့ ဦးညွှတ်အရိုအသေပြုကြသည်ကို ကြည့်ရင်း ဗိုလ်ချုပ်၏စိတ်ဝယ် စက်ဆုပ်ခြင်း ဖြစ်မိလေသည်။

"ကျွန်ုပ်အဖို့ကား (Monarchy) ဘုရင်အုပ်စိုးခြင်းစနစ်ကို မည်သည့်အသွင် မျိုးဖြစ်စေ၊ လုံး၀ နှစ်သက်လိုလားခြင်း မရှိပါ" ဟူ၍ ဗိုလ်ချုပ်ကိုယ်တိုင် တစ်ခါက ဖွင့်ဟပြောဆိုခဲ့ဖူးလေသည်။

mgyoe.com

mgyoe.com


ထို့ပြင် ဂျပန်တွေက ဧည့်ခံပြုစုရာ၌ အရက်၊ မိန်းမများနှင့် ဆွယ်ပြီး ကိုယ်ကျင့်တရား ပျက်ပြားအောင် လုပ်သည်ကိုလည်း ဗိုလ်ချုပ်၏စိတ်တွင် လုံးဝ မနှစ်သက်ခဲ့ချေ။ သို့ရာတွင် သူ၏ တကယ့်ရည်မှန်းချက်ဖြစ်သော ဗမာ့လွတ်လပ်ရေး အကူအညီနှင့် လက်နက်ခဲယမ်းတို့ကို ဂျပန်တို့သာ လောလောဆယ် ပေးနိုင်ကြမည်ဖြစ်၍ မချစ်သော်လည်း အောင့်ကာနမ်းလျက် ဂျပန်တွေနှင့် အဆင်ပြေအောင် ကြည့်ပေါင်းပြီး ဗမာလူငယ်တစ်စု ဂျပန်၏ လျှို့ဝှက်စွာ စစ်ပညာသင်ကြားလေ့လာရန်အစီအစဉ်များကို ကာနယ်ဆူဇူကီး (ဗိုလ်မိုးကြိုး) တို့နှင့်အတူ ပြုလုပ်ခဲ့ရလေတော့သည်။

အစီအစဉ်အတိုင်းဆိုလျှင် ဗမာပြည်မှ မျိုးချစ်စိတ်များ တက်ကြွသော လူငယ်အချို့ကို လျှို့ဝှက်စွာ ပြည်ပသို့ ခေါ်ထုတ်ပြီး ဂျပန်အင်ပါယာအတွင်း လုံခြုံသောတစ်နေရာ၌ အခြေခံစစ်ပညာများကို လေ့လာသင်ကြားစေရန် ဖြစ်၏။ ထိုလူငယ်တစ်စုက တစ်ဖန် ဦးစီးခေါင်းဆောင်၍ ဗြိတိသျှတို့အား တိုက်ရန် ဗမာလက်နက်ကိုင်တပ်တစ်တပ်ကို ဖွဲ့စည်းတည်ထောင်ပြီး စစ်ပညာနှင့် သေနင်္ဂဗျူဟာများ သင်ကြားလေ့ကျင့်ပေးရန် ဖြစ်လေသည်။

ထို့ကြောင့် ၃ လမျှ ကြာလတ်သော် ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်သင်္ဘောတစ်စင်းကို စီးလျက် ဗမာပြည်သို့ လျှို့ဝှက်စွာ တစ်ခေါက်ပြန်ခဲ့လေသည်။

သူ ရန်ကုန်မြို့သို့ ပြန်ရောက်သောနေ့ကား ၁၉၄၁ ခုနှစ် မတ်လ ၃ ရက်နေ့ ဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကိုယ်တိုင် စစ်အတွင်းက ရေးသားခဲ့သော မှတ်တမ်းတစ်ခု၌ ဖော်ပြပါရှိလေသည်။

ထိုအချိန်က ဗြိတိသျှအစိုးရ၏ စုံထောက်များက 'မြေလှန်' နေသော ဗိုလ်ချုပ်အောင်ဆန်းအား ခြေချင်းလိမ်အောင် သဲသဲမဲမဲ ရှာဖွေလျက်ရှိရာ ဗိုလ်ချုပ်မှာ လုံခြုံမှုအတွက် တရုတ်အမျိုးသားတစ်ဦးအသွင် ရုပ်ဖျောက်၍ နေခဲ့ရလေသည်။ ရန်ကုန်မြို့တွင် မတ်လ ၉ ရက်နေ့အထိသာနေပြီး အပြန်တွင် စစ်ပညာသင်ကြားမည့် ရဲဘော်သုံးကျိပ်မှ ပထမအသုတ် လူငယ်တစ်စုကို တစ်ပါတည်း သင်္ဘောနှင့် လျှို့ဝှက်စွာ ခေါ်၍ ဂျပန်ပြည်သို့ ပြန်ခဲ့လေသည်။

၁၉၄၁ ခု မတ်လ ၂၇ ရက်နေ့*တွင် ဂျပန်ပြည် တိုကျိုမြို့သို့ ပြန်လည် ဆိုက်

* ဂျပန်တို့ထံ စစ်ပညာသင်ကြားရန် တိုကျိုမြို့သို့ ဆိုက်ရောက်သောနေ့မှာ မတ်လ ၂၇ ရက်နေ့ ဖြစ်ခဲ့သလို ဗိုလ်ချုပ်နှင့် ဗမာ့တပ်မတော်ကြီးက ဂျပန်တို့အား တော်လှန်မှု အရေးတော်ပုံကြီး စတင်သည့်နေ့မှာလည်း ၁၉၄၅ ခု မတ်လ ၂၇ ရက်နေ့ ဖြစ်ခဲ့လေသည်။

mgyoe.com

mgyoe.com


ရောက်လေသည်။

'ရဲဘော်သုံးကျိပ်' ဟု နာမည်တွင်လာသည့် ဗိုလ်ချုပ်အပါအဝင် ဗမာ့တပ်မတော်၏ ပထမ အမြုတေ မျိုးချစ်လူငယ်တစ်စု စစ်ပညာ လျှို့ဝှက်လေ့လာခဲ့ရသောနေရာကား ထိုစဉ်က ဂျပန်လက်အောက် ဖြစ်နေသော ဟိုင်နန်ကျွန်းတောင်ပိုင်းဒေသတွင် ဖြစ်၏။

ဗိုလ်ချုပ်သည် ဗမာပြည်သို့ ခေတ္တပြန်လာစဉ် သူ၏ နိုင်ငံရေး ရဲဘော်များက ဂျပန်စစ်တပ်တွေ ဗမာပြည်ကို ဘယ်တော့လောက် ဝင်လာမည်နည်းဟု မေးကြသည်ကို ကြားရ၍ အတော် စိတ်ညစ်မိလေသည်။ သူကိုယ်တိုင်က ဂျပန်တို့၏ အတွေးအခေါ်နှင့် လုပ်ကိုင်ပြုမူမှုတွေကို သဘောမကျဘဲရှိခဲ့ပြီး ဗမာပြည်က လူငယ်တွေကမူ ဂျပန်ကိုပဲ မျှော်လင့်တောင့်တနေသယောင်ယောင် ဖြစ်နေသဖြင့် ဗိုလ်ချုပ်က စိတ်ပျက်မိခြင်းပင် ဖြစ်လေသည်။

ဗမာနိုင်ငံရေးသမား လူငယ်တွေ၏ စိတ်တွင်ကား ဂျပန်က ဗမာပြည်ကို ဝင်တိုက်ရန် ကြံရွယ်ခြိမ်းခြောက်ရုံနှင့် ဗြိတိသျှတို့ အကျပ်ရိုက်နေစဉ် ဗမာလွတ်လပ်ရေးကို ထတိုက်ယူနိုင်မည်ဟု တွေးမိကြလေသည်။ ဗိုလ်ချုပ်ကိုယ်တိုင်လည်း ထိုစဉ်အခါက သူ၏ရဲဘော်တွေ ခန့်မှန်းချက်သည် ဖြစ်ကောင်း ဖြစ်နိုင်လိမ့်မည်ဟု ထင်မိခဲ့သည်။

စင်စစ် ဗိုလ်ချုပ်ကိုယ်တိုင် ဖွင့်ဟဝန်ခံခဲ့သည့်အတိုင်း သူတို့တစ်တွေ၏ အရင်းရှင်ပေါက်စ လူတန်းစားအတွေးအခေါ်ကြောင့် အခက်အခဲ ဘေးအန္တရာယ်များမည့် အလုပ်ကို ရှောင်နိုင်သလောက် ရှောင်ပြီး ဗမာ့လွတ်လပ်ရေး တိုက်ယူရာတွင်လည်း လွယ်လွယ်နှင့် ချောင်ချောင်ရနိုင်မည့် နည်းလမ်းကို လိုက်လိုသော ဆန္ဒ ရှိခဲ့ကြခြင်းဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ အချိန်ကာလနှင့် အဖြစ်အပျက်တို့က ရွေ့လျားလှုပ်ရှားလျက်ရှိရာ ဗိုလ်ချုပ်တို့လူစု စစ်ပညာသင်ကြားပြီး ဟိုင်နန်မှ ဗမာပြည်ဘက်ဆီသို့ ခရီးထွက်၍ များမကြာမီပင် ဂျပန်က ဗြိတိန်နှင့် အမေရိကန်တို့အား စစ်ကြေညာလိုက်လေတော့သည်။ (၁၉၄၁ ခု ဒီဇင်ဘာလ ၈ ရက်)။ ရဲဘော်သုံးကျိပ်ကို ဗိုလ်ချုပ်အောင်ဆန်း (ထိုအချိန်က ဗိုလ်တေဇ) ကပင် ဦးစီးလျက် ယိုးဒယားပြည် ဘန်ကောက်မြို့ရှိ မြန်မာအမျိုးသားများကို စည်းရုံးသိမ်းသွင်းပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး (ဘီ၊ အိုင်၊ အေ) ကို ဖွဲ့စည်းတည်ထောင်လိုက်ကြလေသည်။

mgyoe.com

mgyoe.com


**"ဗမာပြည်မှ ဗြိတိသျှနယ်ချဲ့သမားကို အပြုတ်တိုက်၍ ဗမာ့လွတ်လပ်ရေးကို ရယူအံ့"**

ဟု ကြွေးကြော်ကာ ကြွားကြွားဝင့်ဝင့် ချီတက်လာသော ဗမာ့လွတ်လပ်ရေး တပ်မတော်၏ သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း (ဗိုလ်တေဇ) ကား တစ်စုံတစ်ခုကို တွေးပြီး ကျေနပ်နှစ်သိမ့်မိလေသည်။

ထိုနှစ်သိမ့်မှုကား သူ သဘောမကျသော အကူအညီကို ယူရခဲ့စေကာမူ သူ၏ နိုင်ငံရေး စိတ်ကူးယဉ်အိပ်မက်တစ်ခုဖြစ်သော မျိုးချစ် ဗမာလူငယ်တွေ ပါဝင်သည့် ခေတ်မီ ဗမာ့လက်နက်ကိုင် တပ်ပေါင်းစုကြီး တစ်ခုသည် ရုတ်ခြည်း အကောင်အထည် ပေါ်လာခြင်းပင် ဖြစ်ပေသတည်း။

❐

mgyoe.com

mgyoe.com

## အခန်း (၁၀)
## စစ်သူကြီး ဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းတွင်နေစဉ်က အခြား ကောလိပ်ကျောင်းသားများနှင့် အနေအထိုင် အပြုအမူ လုံးဝ မတူဘဲ တစ်မူခြားကာ လူ့ခွစာ တစ်ယောက် ဖြစ်ခဲ့ကြောင်းကို အထက်တွင် ဖော်ပြခဲ့ပြီးလေပြီ။

ဤအချက်ကို ထိုခေတ်က သူနှင့်အတူ တက္ကသိုလ်ကျောင်း၌ နေခဲ့ဖူးသော ကျောင်းသားဟောင်းများအားလုံးက ကောင်းစွာ သိခဲ့ကြသည်။ သို့သော် ကျွန်ုပ်တို့ အနေနှင့်မူ ဗိုလ်ချုပ်၏ ပင်ကိုသဘာဝစရိုက် (Character) ကို ထိုစဉ်အခါကပင် တစ်မျိုးတစ်ဖုံ မြင်ခဲ့မိပါသည်။

အခြားလူများနှင့် ရောယောင်ပြီး ရေလိုက်ငါးလိုက် မနေတတ်ခြင်း၊ အားလပ်ချိန်ရတိုင်း စာအုပ်တွေသာ ဖတ်နေတတ်ပြီး လူ့လောကနှင့် လူ့ဘဝ၏ ရည်မှန်းချက်သဘောတရားကို လေးလေးနက်နက် တွေးတောစဉ်းစားနေတတ်ခြင်း၊ ပြောစရာရှိလျှင် မထောက်မညှာ အားမနာတမ်း၊ ရှင်းရှင်းနှင့်ဘွင်းဘွင်း ပြောတတ်ခြင်း၊ ပြဿနာတစ်ခု ပေါ်ပေါက်လာလျှင် တွေဝေစိုးရွံ့ခြင်းမရှိဘဲ ထိုပြဿနာ၏ အခက်အခဲ အချက်အလက်များကို အပြန်အလှန် သုံးသပ်ဆင်ခြင်ပြီး ဖြေရှင်းကျော်လွှားရန် နည်းလမ်းကို လျင်မြန်စွာ ရှာဖွေတင်ပြနိုင်စွမ်းရှိခြင်း၊ မဟုတ်မမှန် လိမ်လည်လှည့်ဖြားခြင်းကို စက်ဆုပ်၍ အမှန်တရားကို အလွန်မြတ်နိုးခြင်း စသော ဗိုလ်ချုပ်၏ ဝါသနာနှင့် အရည်အချင်းတို့ကြောင့် သူ့ကို ကျွန်ုပ်တို့က ကောလိပ်ကျောင်းသား လူပေါ်ကြော့တစ်ယောက်အဖြစ် မမြင်၊ ထက်မြက်သော လူထုခေါင်းဆောင် တစ်ယောက် ဖြစ်လာနိုင်ရန် အလားအလာ

mgyoe.com

mgyoe.com


ရှိသူ တစ်ယောက်အဖြစ် မြင်ခဲ့မိသည်။ အထူးသဖြင့် ၁၉၃၆ ခု သပိတ်အတွင်းနှင့် သပိတ်အပြီး ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအသင်းကြီးကို ဖွဲ့စည်းတည်ထောင်စအခါက သူ၏ကြိုးပမ်းချက်နှင့် စည်းရုံးရေးစွမ်းရည်ကိုကြည့်ပြီး သူသည် လက်နက်ကိုင် စစ်သည်ရဲမက်တို့အား ဦးစီးကွပ်ကဲပြီး သေနင်္ဂဗျူဟာ စီစဉ်ကြီးကြပ်ရာ၌ အလွန်ထူးချွန်သော စစ်ရေးခေါင်းဆောင် (Military Leader) သို့မဟုတ် စစ်သူကြီးကောင်းတစ်ယောက် ဖြစ်လာနိုင်မည့် ပုဂ္ဂိုလ်တစ်ယောက်ဟူ၍ ထင်မြင်အကဲခတ်ခဲ့ကြသည်။

ထင်ခဲ့သည့်အတိုင်းလည်း ၁၉၄၂ ခုနှစ်ဦးတွင် ဗမာပြည်တွင်းသို့ သုံးရောင်ခြယ်ဒေါင်းလံကြီးကို ကြွားကြွားဝင့်ဝင့် လွှင့်ထူချီတက်လာသော ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး၏ သေနာပတိအဖြစ် ဗိုလ်ချုပ်အောင်ဆန်းကို ကျွန်ုပ်တို့ ဝမ်းမြောက်ဝမ်းသာ မြင်ခဲ့ကြရလေသည်။

ကောလိပ်ကျောင်းသားဘဝက လူရာမဝင်သော သူတစ်ယောက်ဟု အထင်အမြင်သေးခံရသူ အညတရ ကိုအောင်ဆန်းကား ဗမာနိုင်ငံ ကျွန်ခေတ်သမိုင်းတွင် ပထမဆုံး ပေါ်ထွက်လာသည့် ဗမာ့လက်နက်ကိုင် စစ်တပ်မတော်ကြီး၏ ဦးစီးဗိုလ်ချုပ် ဗိုလ်တေဇခေါ် ဗိုလ်အောင်ဆန်း ဖြစ်လာလေပြီ။

"တိုင်းပြည်အတွက် ငါတို့၏အသက်ကို စွန့်ပါအံ့" ဟု ကြွေးကြော်အဓိဋ္ဌာန်ပြုထားသော မျိုးချစ်ဗမာ လူငယ်အပေါင်းတို့ကလည်း သူတို့၏ စစ်သူကြီး ဗိုလ်ချုပ်အောင်ဆန်းအား အကြွင်းမဲ့ ယုံကြည်အားကိုးခဲ့ကြသည်။ လေးစားမြတ်နိုးခဲ့ကြသည်။

စစ်ဝတ်စုံယူနီဖောင်းနှင့် ဗိုလ်ချုပ်ကို ကြည့်ရင်း ကမ္ဘာကျော် ပြင်သစ် စစ်သူကြီးသေနင်္ဂဗျူဟာ ပါရဂူ နပိုလီယန်ကို သတိရမိသည်။ နပိုလီယန်သည်လည်း ကာယဗလ တောင့်တင်းခန့်ညားခြင်း မရှိခဲ့။ အင်္ဂါရုပ်မှာလည်း ထူးခြားပေါ်လွင်ခြင်း မရှိခဲ့။ သို့သော် သူ၏ စစ်မှုရေးရာ ကျွမ်းကျင်မှုနှင့် ခေါင်းဆောင်မှု အရည်အချင်းကြောင့် ၁၉ ရာစုနှစ်က ဥရောပတိုက်လုံး သိမ့်သိမ့်တုန် ချောက်ချားသွားခဲ့ရ၏။ ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းသည် ခန့်ညားထွားကျိုင်းသော ဟန်ပန်မျိုးမရှိစေကာမူ ကမ္ဘာကပင် အသိအမှတ်ပြုရသော စစ်ရေးခေါင်းဆောင်ကြီး တစ်ဦး ဖြစ်လာခဲ့သည်။

"ဗိုလ်ချုပ်သာ ရှေ့ဆောင်ရင် သေမယ့်လမ်းကို သွားပါစေ။ ဝန်မလေးဘဲ ပြေးသွားပါ့မယ်" ဟူသော စိတ်ဓာတ်မျိုး ဗမာ့တပ်မတော်သား ရဲဘော်တိုင်း၏စိတ်ဝယ် ထာဝစဉ် ကိန်းအောင်းခဲ့လေသည်။

mgyoe.com

mgyoe.com


ဤကား စစ်သူကြီးကောင်းတို့၌ ရှိအပ်သော လက်အောက်ငယ်သား စစ်သည်ရဲမက်တို့၏ အကြွင်းမဲ့ ယုံကြည်လေးစားမှု အရည်အချင်း ဗိုလ်ချုပ်တွင် အလိုအလျောက် ပြည့်စုံနေခြင်းပင် ဖြစ်လေသည်။

ဗမာပြည်ရှိ ဗြိတိသျှတို့ကား အလိုလိုမှ ဂနာမငြိမ်ဘဲ တုန်လှုပ်လျက် ရှိသည်တွင် ဗမာပြည်သူလူထု တစ်ရပ်လုံးက ဗြိတိသျှဆန့်ကျင်ရေး စိတ်ဓာတ်တွေ ပြင်းထန်စွာ ဝင်နေခြင်း၊ ဂျပန်စစ်တပ်နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်း၏ ဘီ၊ အိုင်၊ အေ တပ်မတော်ကြီးပါ ထိုးစစ်ဆင်၍ ဝင်ရောက်လာခြင်းတို့ကြောင့် အလွန် ချောက်ချားကာ ခံစစ်ကိုပင် စနစ်တကျ မစည်းရုံးနိုင်တော့ဘဲ ကစဉ့်ကလျား ဆုတ်ခွာပြေးရတော့သည်။

၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့ကြီး ကျဆုံး၍ မေလ ၄ ရက်နေ့တွင်မူ မန္တလေးမြို့ကို ဘီ၊ အိုင်၊ အေနှင့် ဂျပန်တပ်များက ဝင်ရောက် သိမ်းပိုက်မိခဲ့ကြသည်။

ဗမာပြည်မှ ဗြိတိသျှစစ်တပ် အကြွင်းအကျန်များကို အပြီးသတ် သုတ်သင်တိုက်ထုတ်လိုက်ပြီးသည့်နောက် ဗိုလ်ချုပ်အောင်ဆန်းသည် စစ်သူကြီးကောင်းတစ်ယောက်ပီပီ သူ၏ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးနှင့် တပ်မတော်သား ရဲဘော်တို့၏ နောင်ရေးကို လေးလေးနက်နက် တွေးမိလေသည်။

ဂျပန်တို့နှင့် ဆက်ဆံမှုကား အဆင်မပြေသည်သာမက ဆိုးသထက် ဆိုး၍လာခဲ့သည်။ ဗမာပြည်သူလူထုကြီးကိုလည်း ဂျပန်စစ်သားတို့ ရိုင်းပျစွာ စော်ကားညှဉ်းဆဲ၍နေလေပြီ။ မည်သို့ပင်ဖြစ်စေ လက်နက်အားကိုးသမား ဂျပန်တွေ စိုးမိုးနေချိန်တွင် လက်နက်ကိုင် ဗမာအမျိုးသား တစ်စုတော့ ရှိမှဖြစ်မည်ဟု တွေးတောကာ ဘီ၊ အိုင်၊ အေ တပ်မတော်ကြီး လုံးဝဖျက်သိမ်းခြင်း မခံရအောင် ဗိုလ်ချုပ်အောင်ဆန်းသည် မနားမနေ ကြိုးစားခဲ့လေသည်။

ထို့ကြောင့် ၁၉၄၂ ခုနှစ် ဇူလိုင်လတွင် (ဘီ၊ အိုင်၊ အေ) တပ်ကို ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီ၊ ဒီ၊ အေ) ဟူ၍ စနစ်တကျ ပြောင်းလဲဖွဲ့စည်းလိုက်ကြလေသည်။

ဗိုလ်ချုပ်ကား ကာနယ် (ဗိုလ်မှူးကြီး) ရာထူးဖြင့် ဗမာ့ကာကွယ်ရေး တပ်မတော်၏ ဦးစီးသေနာပတိပင် ဖြစ်လာလေသည်။

ဂျပန်တွေ ဖက်ဆစ်ဆန်ဆန် မင်းမူနေသော စစ်အတွင်းကာလက ဂျပန်ကိုကြောက်လည်း မကြောက်၊ ဂရုလည်းမစိုက်သော လူတန်းစား ဟူ၍ ဗမာပြည်တွင်

mgyoe.com

mgyoe.com


ဘီ၊ ဒီ၊ အေ တပ်မတော်သားများသာ ရှိခဲ့သည်။ ထိုသို့ ဂျပန်နှင့် ပခုံးချင်းယှဉ်၍ သတ္တိပြိုင်ဝံ့သော ဗမာ့တပ်မတော်သားတို့၏ စိတ်ဓာတ်မှာလည်း သူတို့၏ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရှေ့ဆောင်၍ သွတ်သွင်းပုံလောင်းပေး ခဲ့သောကြောင့်ပင် ဖြစ်သည်။

၁၉၄၃ ခုနှစ် မတ်လကျသောအခါ ဗိုလ်ချုပ်သည် ဒေါက်တာဘမော်နှင့်အတူ ဂျပန်ပြည် တိုကျိုမြို့သို့ ဖိတ်ကြားခြင်းခံရပြီး ဂျပန်ဘုရင်နှင့် တွေ့ဆုံခွင့်ရသည့်ပြင် ဂျပန် အင်ပါယာ၏ ဘွဲ့ထူးဂုဏ်ထူးတံဆိပ် (Order of The Rising Sun) ဖြင့် ချီးမြှင့်ခြင်း ခံရလေသည်။ သူ၏ စစ်ဘက်ရာထူးကိုလည်း ကာနယ်အဖြစ်မှ မေဂျာ ဂျင်နရယ် (ဒု၊ ဗိုလ်ချုပ်) ရာထူးအထိ တိုးမြှင့်ခန့်ထားခြင်း ခံရလေသည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့က ဗမာပြည်အား "လွတ်လပ်ရေး ပေးပါပြီ" ဟု ကြေညာလိုက်သည့်အခါ ဗမာ့တပ်မတော်၏ ဦးစီးသေနာပတိ ရာထူးအပြင် ဒေါက်တာဘမော်အစိုးရအဖွဲ့၌ စစ်ဝန်ကြီးအဖြစ် ဆောင်ရွက်ရပြန်သည်။ ဂျပန်အစိုးရက (First Class Order of The Sacred Treasure) ခေါ် ဘွဲ့ထူး ဂုဏ်ထူး တံဆိပ်ဖြင့်လည်း နောက်ထပ် ချီးမြှင့်ခဲ့သေး၏။

ဗိုလ်ချုပ်ကား ဗမာလူမျိုးထဲတွင် စစ်ဘက်၌ တာဝန်အကြီးဆုံးသော နေရာမှ အမှုထမ်းဆောင်နေသူဖြစ်သည့်အတိုင်း စစ်မက်ရေးရာနှင့်ပတ်သက်သော စာပေ ဗဟုသုတများကို တတ်နိုင်သရွေ့ လေ့လာဆည်းပူးခဲ့လေသည်။ ပြင်သစ်စစ်သူကြီး နပိုလီယန်လို ပုဂ္ဂိုလ်မျိုး ရေးသားခဲ့သည့် စစ်ပရိယာယ်နှင့် သေနင်္ဂဗျူဟာ ကျမ်းစာအုပ်များကိုလည်း ဖတ်ရှုလေ့လာခဲ့သည်။

ဗြိတိသျှတို့၏ စစ်ပညာနည်းစနစ်ကို ကောင်းစွာ တတ်ကျွမ်းသော ဗိုလ်ချုပ်မှူးကြီး ကြာဒိုးလို ပုဂ္ဂိုလ်မျိုးကိုလည်း တပ်တွင်းသို့ ခေါ်ယူ ရာထူးပေးကာ နည်းနာနိသျှ များကို မေးမြန်းဆွေးနွေးခဲ့သည်။

စစ်သူကြီးကောင်း တစ်ယောက်၏ အင်္ဂါအရည်အချင်း ဗိုလ်ချုပ်တွင် ရှိကြောင်း ကား ယုံမှားဖွယ် မရှိချေ။ ထို့ကြောင့်ပင် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကမ္ဘာကျော်အောင် အကောင်အထည်ပေါ်လာခဲ့သည့် ဖက်ဆစ်တော်လှန်ရေးတည်း ဟူသော စစ်ခင်းကျင်းမှု အရေးတော်ပုံကြီးကို ဗိုလ်ချုပ်အောင်ဆန်းက အောင်မြင် ပြောင်မြောက်စွာ ဦးစီးခေါင်းဆောင်နိုင်ခဲ့ပေသတည်း။

❐

mgyoe.com

mgyoe.com

# အခန်း (၁၁)
# ဖက်ဆစ်ဝါဒနှင့် ဗိုလ်ချုပ်

ဂျပန်ပြည်သို့ စစ်ပညာ သွားရောက်သင်ကြားပြီး ဂျပန်စစ်တပ်များနှင့်အတူ ဗမာပြည်သို့ ပြန်လည် ဝင်ရောက်လာခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဝါဒ အပေါ် မည်သို့သော သဘောထား ယူဆခဲ့လေသနည်း။ ဖက်ဆစ်ဝါဒကို သူကိုယ်တိုင် သဘောကျ လက်ခံခဲ့၍ပေလော။ သို့မဟုတ်လျှင် အဘယ်ကြောင့် ဗိုလ်ချုပ်သည် စစ်ဦးကာလက ဂျပန်တို့နှင့် ပူးပေါင်းခဲ့လေသနည်း။ နောက်ပိုင်းကျတော့ ဂျပန်ကို ပြန်လည်တော်လှန်ခြင်းမှာလည်း ဂျပန်အရေးနိမ့်၍ ဗြိတိသျှနှင့် မဟာမိတ်တို့ စစ်နိုင်တော့မည်ကို သိ၍ မဟုတ်ပါလော။

ဤမေးခွန်းများကား ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်အချိန်မှစ၍ ဗိုလ်ချုပ်ကျဆုံးသော ၁၉၄၇ ခုနှစ်အထိ ကမ္ဘာက စိတ်အဝင်စားဆုံးနှင့် အမေးမြန်းဆုံး မေးခွန်းများပင် ဖြစ်ခဲ့သည်။ ကျွန်ုပ်တို့ ဗမာတိုင်းရင်းသားများကလည်း ဂျပန်နှင့်ပေါင်းပြီး အင်္ဂလိပ်ကို တိုက်ခဲ့သော ဗိုလ်ချုပ်သည် ဘာကြောင့် နောက်ပိုင်းတွင် ဂျပန်ကို ပြန်တော်လှန်ရသည်ကို တိကျရှင်းလင်းစွာ နားလည်ထားရန် လိုပေ၏။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရေးရာဇဝင်ကို လေ့လာရာ၌ ထိုမေးခွန်းများကို အသေးစိတ် စူးစမ်းလေ့လာရန် လိုလှပေသည်။

ရှေးဦးစွာ ဗိုလ်ချုပ်တို့ ဂျပန်နှင့် ဆက်သွယ်မိခြင်းမှာ ဂျပန်တို့၏ဝါဒနှင့် ဖက်ဆစ်စနစ်ကို နှစ်သက်၍ မဟုတ်ဘဲ လွတ်လပ်ရေး လိုချင်ဇော ပြင်းထန်နေခိုက်

mgyoe.com

mgyoe.com



စစ်သူကြီး ဗိုလ်ချုပ်အောင်ဆန်း

mgyoe.com

mgyoe.com



ဗိုလ်ချုပ်အောင်ဆန်းအား ဗမာ့တပ်မတော် သေနာပတိအဖြစ် မြင်ရပုံ

mgyoe.com

mgyoe.com


ရန်သူ (ဗြိတိသျှ) ကို ဆန့်ကျင်သော မည်သည့် နိုင်ငံခြားအကူအညီကိုမဆို လက်ခံရန် အသင့်ရှိနေစဉ်တွင် ဂျပန်တို့ကိုယ်တိုင်က လက်ကမ်းလာချက်ကြောင့် မမျှော်လင့်ဘဲ ဆက်သွယ်မိခြင်းဖြစ်ကြောင်းကို သိထားရန် လိုပေသည်။

တစ်ဖန် ဗိုလ်ချုပ်သည် ပထမအကြိမ် ဗမာပြည်မှ လျှို့ဝှက်စွာ ထွက်ခွာပြီး အမွိုင်မြို့သို့ရောက်သည်အထိ ဂျပန်နှင့် ပူးပေါင်းရန် အစီအစဉ် ဘာမှမရှိသေး။ တရုတ်ပြည်တွင်းသို့ ဝင်ရောက်ဆက်သွယ်ရန်သာ ကြံရွယ်ခဲ့လေသည်။ ဗမာပြည်မှ သူ၏နိုင်ငံရေး ရဲဘော်များကသာ ဂျပန်နှင့် တိတ်တဆိတ် ဆက်သွယ်မှု အစီအစဉ် ရကြပြီးနောက် ဗိုလ်ချုပ်မှာ ဂျပန်ပြည် တိုကျိုမြို့သို့ မမျှော်လင့်ဘဲ ရောက်သွားရခြင်း ဖြစ်ပေသည်။

ဂျပန်တို့၏ အတွေးအခေါ်၊ အယူအဆနှင့် ရက်စက်ကြမ်းကြုတ်သော အပြုအမူတို့ကိုလည်း ကနဦးကပင် ဗိုလ်ချုပ်သည် စက်ဆုပ်မုန်းတီးခဲ့၏။ သူ၏ စစ်အကြံပေးပုဂ္ဂိုလ်ဖြစ်သူ ကာနယ်ဆူဇူကီး (ဗိုလ်မိုးကြိုး) က ပထမကမ္ဘာစစ်ကြီးအတွင်း ၎င်းတို့တပ်တွေ ရုရှားပြည် အရှေ့ပိုင်းတွင် တိုက်ခိုက်နေရစဉ် ရန်သူ ရုရှား ရွာတစ်ရွာမှ အရပ်သားအားလုံး ယောက်ျား၊ မိန်းမ၊ ကလေးမှန်သမျှကို ၎င်းကိုယ်တိုင် သတ်ဖြတ်ပစ်ခဲ့ကြောင်း၊ ထို့အတူ ဗိုလ်ချုပ်တို့ကလည်း ရန်သူဗြိတိသျှဆိုလျှင် မိန်းမနှင့်ကလေးပါ သတ်ပစ်ရမည် ဖြစ်ကြောင်း တရားဟောသည်ကို ဗိုလ်ချုပ်တွင် အလွန်တုန်လှုပ်သွားမိပြီး ထိုမျှလောက် ပြင်းထန်သော ကြမ်းကြုတ်ရက်စက်မှုကိုတော့ မပြုလုပ်နိုင်ကြောင်း အတိအလင်း ပြန်ပြောခဲ့ဖူးလေသည်။

ဗိုလ်ချုပ်မှာ ဗမာ့လွတ်လပ်ရေးရမှုအတွက်သာ ဗြိတိသျှတို့အား စစ်ရေးဖြင့် တိုက်ခိုက်လိုသူဖြစ်ရာ သူ၏ ပင်ကိုသဘောအားဖြင့် စစ်ကို မုန်းတီးသူတစ်ယောက် ဖြစ်လေသည်။ ဂျပန်တို့၏ ပြင်းထန်သော စစ်ဝါဒနှင့် ဖက်ဆစ်စနစ်ကိုကား မည်သည့် အခါကမှ နှစ်ခြိုက်လက်ခံခြင်း မရှိခဲ့ပေ။

ထို့ကြောင့် ဂျပန်ကို ပြန်၍ တော်လှန်တိုက်ခိုက်ရန် (၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးမတိုင်မီ) နှစ်ကြိမ်တိုင်တိုင် ကြိုးစားကြံစည်ခဲ့လေသည်။ ပထမ တစ်ကြိမ်က ဟိုင်နန်ကျွန်း၌ စစ်ပညာလေ့လာနေစဉ်ကဖြစ်၍ ဒုတိယအကြိမ်မှာမူ ဂျပန်တပ်တွေ ဗမာပြည်သို့ ဝင်ရောက်ခါစ ဘီ၊ အိုင်၊ အေ ခေတ်က ဖြစ်လေသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် နှစ်ကြိမ်စလုံး ထမြောက်အောင်မြင်ခြင်း မရှိခဲ့ချေ။

ဖက်ဆစ်ကို မုန်းတီးသူ ဖက်ဆစ် ဆန့်ကျင်ရေးသမားတစ်ယောက်အဖြစ်

mgyoe.com

mgyoe.com


ဗိုလ်ချုပ်ကို ယုံမှားသံသယဖြစ်ရန် အကြောင်းလည်း လုံးဝ မရှိပေ။ ဖက်ဆစ်စနစ်ကား အရင်းရှင် နယ်ချဲ့စနစ်၏ အစွန်ဆုံး နောက်ဆုံးအဆင့်၊ တစ်နည်းအားဖြင့် အပြင်းထန်ဆုံးသော အသွင်တစ်ရပ် ဖြစ်သည်။ ဗိုလ်ချုပ်တို့မှာမူ သူတို့၏ မူလနိုင်ငံရေး အတွေးအခေါ်များအရ အရင်းရှင်နယ်ချဲ့စနစ် ပျက်သုဉ်းမည့် ဆိုရှယ်လစ်စနစ်ကို မျှော်ခေါ်သူများ ဖြစ်ခဲ့သည်။ စစ်ကြိုခေတ်က ဗမာနိုင်ငံတွင် ဖက်ဆစ်ဆန့်ကျင်ရေး လှုံ့ဆော်ဝါဒဖြန့်မှုဟူသရွေ့ကို ဗိုလ်ချုပ်တို့ပင် ဆော်ဩပြုလုပ်ခဲ့၏။ တရုတ်ပြည်နှင့် စပိန်ပြည်တွင် ထိုခေတ်က ဖက်ဆစ်အစမ္ပသမားတွေ ကျူးကျော်နေသည်ကိုလည်း အပြင်းအထန် ရှုတ်ချကာ ဖက်ဆစ်ကို တိုက်နေသော ထိုနိုင်ငံများရှိ ပြည်သူလူထုဘက်က ထောက်ခံအားပေးခဲ့၏။

စစ်မဖြစ်မီက ဗမာပြည်တွင် ဖက်ဆစ်စနစ် ဆန့်ကျင်သော လက်ဝဲနိုင်ငံများရှိ ပြည်သူ့နိုင်ငံရေးသမားတွေထဲတွင် ရိုးသားသော လက်ဝဲသမားအစစ်တစ်ယောက်မှာ ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်သည်ဟု ကျွန်ုပ်က ရဲဝံ့စွာ ဆိုချင်ပေသည်။

၁၉၄၄ ခု ဩဂုတ်လ ၁ ရက်နေ့ (ဂျပန်က ပေးသော ဗမာ့လွတ်လပ်ရေး နှစ်ပတ်လည်နေ့) အခမ်းအနားတစ်ရပ်တွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသော မိန့်ခွန်းကို မှတ်မိသူများ ရှိပါလိမ့်မည်။ ထိုနေ့က ဗိုလ်ချုပ်သည် ဂျပန်ဆန့်ကျင်ရေး စကားတွေကို ဘွင်းဘွင်းနှင့်ရှင်းရှင်း ပြောခဲ့လေသည်။ ဂျပန်စစ်ပုလိပ် (ကင်ပေတိုင်)၏ ရက်စက်ကြမ်းကြုတ်လှသော ရန်ကို လူတိုင်း ပြားပြားဝပ် ကြောက်ရွံ့နေရသည့် အချိန်မျိုးတွင် ပရိသတ် ဗိုလ်ပုံလယ်၌ ဂျပန်ဆန့်ကျင်ရေးတွေ ပြောလိုက်သော ဗိုလ်ချုပ်၏ မိန့်ခွန်းကြောင့် ကြားရသူတိုင်းပင် တုန်လှုပ်ချောက်ချားသွားခဲ့၏။ ထိုမိန့်ခွန်းစကားတွေကြောင့်လည်း ဂျပန်စစ်ဘက်နှင့်တကွ တိုကျိုမြို့ အာဏာပိုင်များ ရပ်ကွက်ထိအောင် ဂယက်တွေ ရိုက်ခတ်လှုပ်ရှားသွားခဲ့လေသည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းကား စိတ်ထဲရှိသမျှကို ထိမ်ဝှက်မထားဘဲ မထောက်မညှာ ပြောတတ်သော သူ၏ ဝါသနာအတိုင်း ဖက်ဆစ်တို့အား ဖြောင့်ဖြောင့်ဟ ဝေဖန်ခဲ့လေသည်။

စစ်အတွင်းကာလက ဂျပန်တို့သည် ဗမာပြည်ရှိ လူမျိုးစုံ၊ နိုင်ငံရေးသမားပေါင်းစုံနှင့် တွေ့ဆုံဆက်ဆံခဲ့ရာဝယ် ဗမာလူမျိုးတို့၏ စိတ်ဓာတ်နှင့် သဘောကို အတော်အသင့် တီးခေါက်မိခဲ့၏။ ဂျပန်ကို အလိုလို ကြောက်သောသူ၊ ဂျပန်တို့ ပြောသမျှကို နားထောင်ရင်း တွေဝေယိမ်းယိုင်ကာ ဂျပန်အလိုတော်ရိ လုပ်လိုသူများ

mgyoe.com

mgyoe.com


ကိုလည်း တွေ့ခဲ့ရ၏။ ဗိုလ်ချုပ်အောင်ဆန်းကား အခြား ဗမာနိုင်ငံရေးသမားများနှင့် မတူဘဲ ခြောက်၍လည်း မကြောက်၊ ချော့၍လည်း မပျော့ သူ့ယုံကြည်ချက်နှင့်သူ တင်းမာပြတ်သားစွာနေတတ်သူ တစ်ယောက် ဖြစ်ကြောင်း ဂျပန်တွေက သိခဲ့ကြလေသည်။

ဤနေရာတွင် ဖက်ဆစ်စနစ်နှင့် ပတ်သက်၍ ဗိုလ်ချုပ်ကိုယ်တိုင် ၁၉၄၅ ခုနှစ်က အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သော မှတ်တမ်းတစ်ခုမှ သူ၏ ဖွင့်ဟဝန်ခံချက် အချို့ကို ထုတ်နုတ်ဖော်ပြလိုပေသည်။

"ထိုအချိန်က ဗမာပြည်သို့ ဂျပန်တွေ ကျူးကျော်တိုက်ခိုက်လာရေးနှင့် ပတ်သက်၍ ကျွန်ုပ်ကိုယ်တိုင် တိကျပြတ်သားစွာ ကြိုတင်ပြီး မမြင်ခဲ့မိပေ။ ကျွန်ုပ်အပါအဝင် ဗမာလူငယ်နိုင်ငံရေးသမားတို့မှာ အရင်းရှင်ပေါက်စ လူလတ်တန်းစားဘဝမှ လာသူများပီပီ အရင်းရှင်ပေါက်စတို့၏ အတွေးအခေါ်ဖြင့် အလုပ်လုပ်ရာတွင် လည်းကောင်း၊ ဆုံးဖြတ်ရာတွင် လည်းကောင်း ဆုတ်ဆိုင်းကြောက်ရွံ့ခဲ့ခြင်း၊ လူထုအင်အားနှင့် လူထုစည်းရုံးရေးအပေါ် ယုံကြည်အားကိုးမှု နည်းပါးခြင်း၊ လုပ်ငန်းစဉ်တစ်ခုကို အသက်သာဆုံး ဘေးအန္တရာယ် အနည်းဆုံးနည်းဖြင့်သာ လုပ်လိုခြင်း စသော ချို့ယွင်းချက်တွေရှိပြီး နေရာတကာတွင် တွေဝေလျက် ရှိကြသည်။

"ဂျပန်ကိုလည်း အထင်ကြီးသင့်သလောက် ကြီးခဲ့မိသည်။ ဂျပန်စစ်တပ်တွေ ဗမာပြည်တွင်းသို့ ဝင်ရောက်လာသည့်တိုင်အောင် ဗမာ့ လွတ်လပ်ရေးကိုတော့ ပေးမှာပါပဲဟု ထင်ကြေးနှင့် မျှော်လင့်မိခဲ့ကြသည်။

"ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် ဖက်ဆစ်ဝါဒကို နှစ်သက်လိုလားခြင်း မရှိပါဘဲလျက် ကျွန်ုပ်တို့၏ အရင်းရှင်ပေါက်စ၊ လူတန်းစားဉာဉ်နှင့် လွဲမှားသော အတွေးအခေါ်၊ စိုးရွံ့တုန်လှုပ်မှုကြောင့်သာ ဂျပန်နှင့် ပူးပေါင်းမိခဲ့ကြခြင်း ဖြစ်လေသည်"

ဤသည်လျှင် မိမိကိုယ်ကို ပြန်လည်ဝေဖန်ရာ၌ တိကျပြတ်သားစွာ ဖြောင်ကျကျ ဖွင့်ဟဝန်ခံခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဆန့်ကျင်ရေးသမားတစ်ယောက်ဟုတ်၊ မဟုတ်ကို စာဖတ်သူများကိုယ်တိုင် တွေးယူဆုံးဖြတ်နိုင်ကြပြီ ဖြစ်သတည်း။

❒

mgyoe.com